ဒါနဉ္စ တေံ မင်္ဂလ မုတ္တမံ၊ ပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မား ရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ထောက်ခံ နိုင်ငံတော်၏ဦးဆောင်မှု တက်ညီလက်ညီပူးပေါင်းပါဝင်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော အောင်ဇေယျငြိမ်းချမ်းရေးရွာမှ ဦးစောထွန်းဦး ခေါင်းဆောင်သော ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အောင်ဇေယျငြိမ်းချမ်းရေးရွာမှ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးစောထွန်းဦးနှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအို ပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ထောင်လန်ဆီဆူလစ် ခေါင်းဆောင် သော အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာ သီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုနိုင်ငံဒုတိယဝန်ကြီးချုပ်ခေါင်းဆောင်သောအဖွဲ့တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော် စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သော အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲတက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ် ခေါင်းဆောင်သောအဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာ နိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာချန်တာဗီ ဘောဟီစိမ်း လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး တိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ ၂၄ရက်နှင့် ၂၅ရက်နေ့များတွင် ကရင်ပြည်နယ် ဘားအံမြို့၊ မြိုင်ကြီးငူဒေသ၊ ကော့ကရိတ်မြို့နှင့် မွန်ပြည်နယ် မော်လမြိုင်၊ ရေး၊ သံဖြူဇရပ်၊ မုဒုံမြို့နယ်များသို့ သွားရောက်ခဲ့ပြီး အဆိုပါဒေသများဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အထူးသဖြင့် ပညာရေးကဏ္ဍတွင် မူလတန်းကျောင်းများ အသစ်ဖွင့်သင့်သည့်နေရာ၌ ဖွင့်နိုင်စေရန်၊ အလယ်တန်း၊ အထက်တန်းအဆင့် တိုးမြှင့်သင့်သည့်ကျောင်းများကို တိုးမြှင့်ပေးနိုင်စေရန် စီမံဆောင်ရွက်ပေးခဲ့သည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးလက်နေပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်စေရန် ကျေးလက် ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်နိုင်ရေး၊ အဆင့်မြှင့်တင်ရေး၊ ဆေးရုံအဆင့်မြှင့်တင်ပေးရေး စသည်တို့ကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။ ထို့ပြင် ဒေသ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရေးအတွက် လိုအပ်သည်များကို စနစ်တကျစီမံချက်ချဆောင်ရွက်ရန် မှာကြားပြီး ပံ့ပိုးဖွယ်ရာများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ ၂၅ ရက်နေ့က မော်လမြိုင်မြို့ အောင်ဆန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌–

"ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးသည် လွန်စွာအရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး၊ ပြည်ထောင်စု၏ အစိတ်အပိုင်းဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်နယ်ပြည်မ၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ လိုအပ်သည့်နေရာတိုင်းမှာ လိုအပ်သလို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ နိုင်ငံတော်မှ တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသများအဆင့်အထိ သွားရောက်ပြီး ပံ့ပိုးဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း" ပြောကြားသွားသည်။

နိုင်ငံတော်က ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ရှင်းလင်းအသိပေး ကြေညာခဲ့ပြီးနောက် လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဤမူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ကဏ္ဍစုံ၊ အလွှာစုံမှ တိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ပြီး ရည်မှန်းချက်အောင်မြင်အောင် ညီညီညွတ်ညွတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဘဝ တောင့်တင်းခိုင်မာပြီး တိုင်းရင်းသားပြည်သူများအားလုံး စားဝတ်နေရေး ပြည့်စုံချောင်လည်စေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် မရှိမဖြစ်သည့် လိုအပ်ချက်များ ဖြစ်သည်။

သို့ဖြစ်ရာ ယင်းအခြေခံလိုအပ်ချက်သုံးရပ် အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား မီးငြိမ်းသတ်ရေး အသင့်ရှိရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဥဿာသီရိခန်းမ၌ ပဲခူးတိုင်း(အရှေ့)ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စေရေး၊ ဝန်ထမ်းများစည်းကမ်းလိုက်နာရေး၊ မြို့ရွာ မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးတို့အတွက် အသင့်ရှိရေး၊ လူမှုဝန်ထမ်းလုပ်ငန်းများကို စေတနာထားဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၅ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ပဲခူးမြို့ ဥဿာသီရိခန်းမတွင် ပဲခူးတိုင်း အရှေ့ခြမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားစဉ်။
(မီးသတ်ဦးစီး)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaacov Avrahamy ဇန်နဝါရီ ၂၆ ရက်က မြို့တော်ခန်းမရှိ မြို့တော်ဝန်ရုံးခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။ (၂၁၀)

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့တော် ဒလမြို့နယ်ပညာရေး မိသားစုက ကြီးမှူးကျင်းပသောမြို့နယ်ပညာရေးဘက်စုံ ထူးချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၂၃ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် သတ္တမတန်း ဘက်စုံ ထူးချွန်ဆုရ မချောချောကောင်းစုံအား မြို့နယ်ပညာရေးမှူး ဦးသန်းလှိုင်က ဂုဏ်ပြုထူးချွန်ဆုပေးအပ်စဉ်။ (၅၂၉)

စွမ်းအင်အချက်အလက်စုစည်းပုံစနစ် စွမ်းအင်လိုအပ်ချက်ခန့်မှန်းတွက်ချက်မှု နည်းစနစ်ဆိုင်ရာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန အာဆီယံအဖွဲ့အစည်း၏ စွမ်းအင်ဆိုင်ရာ ဗဟိုဌာနနှင့် ဂျပန်နိုင်ငံစွမ်းအင် စီးပွားရေးပညာသိပ္ပံတို့ ပူးပေါင်းစီစဉ်သော စွမ်းအင်အချက် အလက်စုစည်းပုံစနစ်နှင့် စွမ်းအင်လိုအပ်ချက် ခန့်မှန်းတွက်ချက်မှု နည်းစနစ်များ ဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင် ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲကို စွမ်းအင်ဝန်ကြီးဌာန စွမ်းအင် စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆွေးနွေးပွဲတွင် အာဆီယံ အဖွဲ့အစည်း၏ စွမ်းအင်ဆိုင်ရာဗဟိုဌာနမှ ပုဂ္ဂိုလ်များနှင့် ဂျပန်နိုင်ငံ စွမ်းအင်စီးပွားရေးပညာသိပ္ပံဆိုင်ရာ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များက ဦးဆောင် ဆွေးနွေးကြပြီး စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ပညာရှင်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ရက်အထိ ဆက်လက်ကျင်းပကြောင်း သိရသည်။ **(သတင်းစဉ်)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့ လာအိုဒုတိယဝန်ကြီးချုပ်၊ ဇနီးနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်၊ ဇနီးမဒမ်နာလီဆီဆူလစ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေး အလည်အပတ်ခရီးရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်၊ ဇနီး မဒမ်နာလီဆီဆူလစ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ၎င်းတို့၏ဇနီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်တာဗီဘော့ဟီစိမ်းနှင့်ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ အဆို၊အကများဖြင့် ဖျော်ဖြေကြသည်။

(သတင်းစဉ်)

ဗီစီဒီခွေများတွင်ကွန်ပျူတာစနစ်ကို ပျက်စီးစေသည့်ပရိုဂရမ်များထည့်သွင်းခြင်းသည် တရားဥပဒေကိုဆန့်ကျင်၊ နိုင်ငံတော်၏ကွန်ပျူတာဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်ယှက်ခြင်းဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၇

VCD ခွေများတွင် ကွန်ပျူတာအား ပျက်စီးစေသည့် ပရိုဂရမ်များထည့်သွင်းခြင်းနှင့်ပတ်သက်သည့် ရှင်းလင်းသည့်အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park အဆောက်အအုံ အခန်းအမှတ် (၂၀၅)၌ကျင်းပရာ e-National Task Force အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းတို့မှ တာဝန်ရှိသူများနှင့် ကွန်ပျူတာကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် e-Application ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးတင်ဦးက VCD အခွေများတွင် ကွန်ပျူတာအား ပျက်စီးစေသည့် အစီအစဉ်များထည့်သွင်းခြင်းနှင့် ပတ်သက်၍ VCD များကို ခိုးကူးခြင်းမှ ကာကွယ်ရန်ဟူသောအကြောင်းပြချက်ဖြင့် VCDခွေများတွင် ကွန်ပျူတာစနစ်များကို ပျက်စီးစေသော ပရိုဂရမ်များ ရေးသားထည့်သွင်းမှုများကို တွေ့ရှိရသည့်အတွက် အဆိုပါ VCDခွေများကို ထုတ်လုပ်သူ၊ ဖြန့်ချိသူနှင့် ကွန်ပျူတာပရိုဂရမ်ရေးသူများကိုသက်ဆိုင်ရာတာဝန်ရှိသူများက ပထမဆုံးနှင့်နောက်ဆုံးအကြိမ် ခေါ်ယူသတိပေးခဲ့ပြီးဖြစ်ကြောင်း၊ ကွန်ပျူတာကုမ္ပဏီများမှ တာဝန်ရှိသူများအနေနှင့်လည်း ဤကဲ့သို့ VCD ခွေများတွင် ကွန်ပျူတာနှင့် ကွန်ပျူတာစနစ်ကို ပျက်စီးစေသည့် ပရိုဂရမ်များ ထည့်သွင်းခြင်းသည် တရားဥပဒေကိုဆန့်ကျင်သည့် လုပ်ရပ်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ကွန်ပျူတာ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ခြင်းဖြစ်ကြောင်းကို နားလည်သဘောပေါက်ရန်နှင့် အဆိုပါလုပ်ရပ်များထပ်မံပေါ်ပေါက်လာပါက တည်ဆဲဥပဒေများအရပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌဦးသိန်းဦးက ထိုကဲ့သို့VCD ခွေများအတွင်း ကွန်ပျူတာပျက်စီးစေသည့် ပရိုဂရမ်များထည့်သွင်းသည့်ကိစ္စကို ထုတ်ပြန်ပြီးဥပဒေ၊နည်းဥပဒေများတွင် ငွေဒဏ်နှင့် ထောင်ဒဏ်ခုနစ်နှစ် အရေးယူရန်ပါဝင်ပြီးဖြစ်သည့်အတွက် မိမိတို့အနေနှင့်ကွန်ပျူတာကုမ္ပဏီများကိုကာကွယ်သောအားဖြင့် ယခုကဲ့သို့ ခေါ်ယူသတိပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါမှားယွင်းသောဆောင်ရွက်ချက်သည် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်က ဤကဲ့သို့ VCDများတွင် ကွန်ပျူတာကိုပျက်စီးစေသော ပရိုဂရမ်များထည့်သွင်းခြင်းလုပ်ရပ်ကို မြန်မာနိုင်ငံကွန်ပျူတာအသင်း အဆင့်ဆင့်ကလည်းဆန့်ကျင်ကန့်ကွက်ပါကြောင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၂ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ(၃/၂၀၀၂) အခန်း(၃)တားမြစ်ချက်များအပိုဒ်(၂၁)နှင့်(၂၂)အရ ဥပဒေနှင့်ငြိစွန်းကြောင်းနှင့် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေအရ ငွေဒဏ်၊ ထောင်ဒဏ်နှစ်ရပ်လုံးဖြင့် အရေးယူနိုင်ကြောင်း၊ ထို့ပြင် ယခုဆောင်ရွက်ချက်သည် အဆင့်မြင့်နည်းပညာဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကွန်ပျူတာအတွင်းရှိ OS စနစ် ပရိုဂရမ်များကို ပျက်စီးစေသည့် Commandများကို စုစည်းထားခြင်းသာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(က–ပ)

အီရန်ငလျင်ဘေးဒဏ်အတွက် ဆေးဝါးအပ်နှင့်အထပ်သားများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဘမ်မြို့၌ ကြီးမားပြင်းထန်သည့် ငလျင်ဘေးဒဏ်ကျရောက်ခဲ့သဖြင့် အသက် အိုးအိမ်စည်းစိမ်အများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုထောက်ရှု၍ မြန်မာနိုင်ငံတော်အစိုးရက တစ်ခါသုံးဆေးထိုးအပ် အချောင်းရေ ၄၁၂၀၀နှင့် အထပ်သား အချပ်ရေ ၁၀၀၀၀ကို အီရန်နိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့သည်။**(သတင်းစဉ်)**

ဓမ္မပိယ စာစဉ်(၁)အဖြစ် ထုတ်ဝေပြီး ဓမ္မပိယ သာသနာ့ရိပ်သာ သုမင်္ဂလလမ်းသဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၇၈၅၇၁ က ဖြန့်ချိလိုက်သည့် ဓမ္မပိယ ဆရာတော် အရှင်သံဝရာလင်္ကာရ ရေးသားပူဇော်သော ဒသနရှုခင်းတစ် (မေတ္တာတရားနှင့် အခြား ဒသနစာတမ်းများ) တရားစာအုပ်မျက်နှာဖုံး။

(က–ပ)

ရှင်းလင်းပြောကြား

VCDခွေများတွင် ကွန်ပျူတာအားပျက်စီးစေသည့် ပရိုဂရမ်များထည့်သွင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသည့် အခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိMICT Parkအဆောက်အအုံ အခန်းအမှတ်(၂၀၅)၌ ကျင်းပရာ e-Application ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်ဦးက ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ဘဂ္ဂဒက်မြို့ လယ်ရှိ ဟိုတယ်တစ်ခုအနီး အမေရိကန်စစ်ယာဉ်တန်းဖြတ်သန်းစဉ်ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုဖြတ်သန်းစဉ် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း ထိုဖြစ်ပွားရာ နေရာ၌ရှိနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ပေါက်ကွဲ

ဗုံးကို ကာရာဒါအရပ်ရှိ မစ်ဘက် ဟိုတယ်အနီးတွင် အမှိုက်ပုံတစ်ခုအတွင်း ဝှက်ထားကြောင်း၊ ဝ၇၃ဝဂျီအမ်တီ၌ ပေါက်ကွဲခြင်းဖြစ်ပြီး သေဆုံးဒဏ်ရာရသည့် သတင်းချက်ချင်းမရဟုဆိုသည်။

ပြောကြား

ပေါက်ကွဲမှုသည် အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသည့် တိုက်ခိုက်ရေးသမားများသုံးသော လက်လုပ်ဖောက်ခွဲရေးဗုံးဖြစ်သည်ဟု အဆိုပါ ဖြစ်ပွားရာနေရာရှိ အမေရိကန်တပ်ဖွဲ့ဝင်က ပြောကြားသည်။

အင်အားကြီးမား

ဗုံးမှာ အလွန်အင်အားကြီးမားသဖြင့် ထိမှန်သော အမေရိကန်စစ်ယာဉ်မှာ လေထဲသို့ မြောက်သွားသည်ကို မိမိမြင်ရကြောင်း အာကီလ်အဘူဇာဟရာက ပြောဆိုသည်။

တွေ့ရှိ

ယင်းသို့ပေါက်ကွဲခြင်းမပြုမီ လူလေးဦးကို အမှိုက်ပုံအနီး၌ တွေ့ခဲ့ရသည်ဟု အခြားမျက်မြင်တွေ့ရှိသူ ဆာကျီဒါနာအာမာက ပြောကြားသည်။ **(အင်တာနက်)**

ရှာဖွေ

ဇန်နဝါရီ ၂၆ ရက်က မိုဆူးလ်မြို့ မြောက်ဘက် တိုက်ဂရစ်မြစ်ကမ်းတစ်လျှောက် စစ်ဆေးရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

စစ်ဆေးမေးမြန်း

ဇန်နဝါရီ ၂၆ ရက်က နာဂျက်ဖ်မြို့တွင် အီရတ် အမျိုးသမီးများကို စစ်ဆေးမေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖော်လူဂျာအနီး၌ လမ်းဘေးဗုံးပေါက်ကွဲ ကန်အမျိုးသားအစောင့်တပ်မှတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘစ်(စ)မာ့ခ် ဇန်နဝါရီ ၂၄

ဘဂ္ဂဒက်အနောက်ဘက်၌ လမ်းဘေးဗုံးတစ်လုံး စနေနေ့က ပေါက်ကွဲသဖြင့် မြောက်ဒါကိုတာမှ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

သေဆုံးသောတပ်ဖွဲ့ဝင်များမှာ ဘစ်(စ)မာ့ခ်အမှတ် ၈၅၇တံတားတည်ဆောက်ရေးတပ်ဖွဲ့မှ ဖြစ်သည်ဟု အမျိုးသားအစောင့်တပ် ပြောခွင့်ရှိသူ ရော့ပ်ကယ်လာက ပြောကြားသည်။

သေဆုံး

သေဆုံးသောတပ်ဖွဲ့ဝင်တစ်ဦးမှာ မိမိ၏သား ကဲနက်ဟင်ဒရစ်ဆင်ဖြစ်ကြောင်း ရယ်ပစ်စီးတီးမှ ဖခင်လိုင်ဟင်ဒရစ်ဆင်က ပြောကြားသည်။ မိမိ၏သား ဗုံးပေါက်ကွဲ ထိမှန်သေဆုံးကြောင်း အကြောင်းကြားသည့်သတင်းကို စနေနေ့က ရရှိခဲ့သည်ဟု လိုင်ဟင်ဒရစ်ဆင်က ပြောဆိုသည်။

သေဆုံးသော တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက် အနောက်ဘက်မိုင် ၅၀ရှိ ဖော်လူဂျာမြို့၏ မြောက်ဘက်တွင် စစ်ယာဉ်တန်းဗုံးပေါက်ကွဲပြီး ထိမှန်ခံရကာ သေဆုံးရခြင်းဖြစ်သည်ဟုကယ်လာကပြောဆိုသည်။ **(အင်တာနက်)**

ဒုတိယမြောက်အင်္ဂါဂြိုဟ်ဆင်းယာဉ် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ဆင်းပြီ

ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်အမျိုးသားလေကြောင်းအာကာသအေဂျင်စီနာဆာမှ လွှတ်တင်ခဲ့သော ဒုတိယမြောက် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် အော့ပိုကျူနီတီသည် ယနေ့ ဂရင်းနစ်စံတော်ချိန် ၅၀၅ဂျီအမ်တီတွင် အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်သွားပြီ ဖြစ်သည်။ အဆိုပါ အင်္ဂါဂြိုဟ်ဆင်းယာဉ်သည် ဇန်နဝါရီ၃ ရက်က အင်္ဂါဂြိုဟ်ပေါ် ဆင်းသက်ကာ စူးစမ်းလေ့လာနေသော နာဆာ၏ စပရစ်ဂြိုဟ်ဆင်းယာဉ်မှ မိုင်ပေါင်း ၆၆၀၀ခန့်အကွာတွင် ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဂြိုဟ်ဆင်းယာဉ်နှစ်စင်းအတွက် ဒေါ်လာ သန်း ၈၂၀ အကုန်အကျခံကာ အင်္ဂါဂြိုဟ်ပေါ်မှာ သက်ရှိတို့ရှင်သန်နိုင်သည့် ရေ ရှိမရှိ စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။ **(စီစီတီဗွီ)**

ဘေဂျီမြို့အနီးဒဏ်ရာရသည့် အမေရိကန်တပ်ဖွဲ့ဝင် နောက်ပိုင်း၌သေဆုံး

တီကရစ် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံတွင် သံချပ်ကာယာဉ်ကို ပြောက်ကျားတို့ ပစ်ခတ်မှုကြောင့် ရရှိခဲ့သောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့တစ်ဦး တနင်္ဂနွေနေ့က သေဆုံးသွားသည်ဟု အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြောက်ဘက် ဘေဂျီမြို့အနီး၌ စနေနေ့ညက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အမှတ် (၄) ခြေမြန်တပ်မပြောခွင့်ရ အမျိုးသမီး ဗိုလ်မှူး ဂျို့စ်လင်းအာဘာလီက ပြောဆိုသည်။

တိုက်ခိုက်ရေးသမားများက ဘရက်ဒ်လီတိုက်ခိုက်ရေးယာဉ်ကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခြင်းကြောင့် အထဲ၌ရှိနေသော အမှတ်(၄) ခြေမြန်တပ်မမှတပ်ဖွဲ့ဝင်သည် ဒဏ်ရာပြင်းစွာရရှိခဲ့ပြီး ထိုဒဏ်ရာဖြင့် တနင်္ဂနွေနေ့က သေဆုံးခဲ့သည်ဟု သူမက ပြောဆိုသည်။ **အမ်အမ်အေ၊ရိုက်တာ**

တူရကီသို့ပိုက်လိုင်းဖြင့် ရေနံပြန်ပို့ရေး ယခုနွေနှောင်းပိုင်းကျမှ ပြန်စနိုင်ဖွယ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံ၏ ရေနံပိုက်လိုင်းများ ဆက်လက်ဖျက်ဆီးခြင်းခံနေရသဖြင့် တူရကီသို့ အီရတ်မြောက်ပိုင်းမှနေ၍ ပိုက်လိုင်းဖြင့် ရေနံပို့သည့်လုပ်ငန်းကို ယခုနှစ် နွေရာသီကုန်ပိုင်းရောက်မှသာ ပြန်စနိုင်မည်ဟု ရေနံလုပ်ငန်းအရာရှိတစ်ဦးက တနင်္ဂနွေနေ့၌ ပြောကြားသည်။

မျှော်လင့်

ရေနံပိုက်လိုင်းတစ်လျှောက်လုံခြုံရေးအခြေအနေတိုးတက်မှုရှိပြီး ကယ်ကွတ် ရေနံတွင်းများမှနေ၍ ရေနံများကို ယခုနွေနှောင်းရာသီ၌ ပြန်လည်စတင်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

ကြောက်ရွံ့

တိုက်ခိုက်မှုများသည် မှန်မှန်ဖြစ်နေပြီး လုံခြုံရေးပြဿနာရှိနေဆဲဖြစ်ကြောင်း၊ အချိန်ပြည့်ပြန်လည်ပြင်ဆင်နေရခြင်းကြောင့် မည်သည့်အခါပြန်စနိုင်မည်ကိုပြောရခက်ကြောင်း၊ နောက်ထပ်တိုက်ခိုက်မှုဖြစ်မည်ကို မိမိတို့ကြောက်ရွံ့ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

တားမြစ်

ဧပြီလ၌ စစ်ပြီးဆုံးခဲ့ချိန်မှစပြီး အီရတ်နိုင်ငံသည် တောင်ပိုင်းရေနံတွင်းများမှ ရေနံစိမ်းတင်ပို့မှုကို တားမြစ်ထားခဲ့သည်။ ကယ်ကွတ်သည် တစ်နေ့လျှင် ရေနံစည် ၈၀၀၀၀၀ ခန့်ကို ယခုလက်ရှိ ဘာဆာရာ ရေနံမြေမှပေးပို့နေသည့် တစ်နေ့လျှင် စည်၁ဒသမ ၆ သန်းထက် ပို၍ ပေးပို့နိုင်စွမ်းရှိသည်။

ရည်ရွယ်

ဖေဖော်ဝါရီလတွင် ဘာဆာရာမှနေ၍ ရေနံစည် ၁ ဒသမ ၇ သန်းကို တင်ပို့ရန် ရည်ရွယ်ထားသည်။ အခြားရေနံလုပ်ငန်းအရာရှိက ပြီးခဲ့သည့်သုံးလမှ လေးလထိအတွင်း ရေနံပိုက်လိုင်းကို အကြိမ် ၄၀ တိုက်ခိုက်ခဲ့ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နှစ်သစ်ကူးပွဲ

စင်ကာပူဝန်ကြီးချုပ်တက်ရောက်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၆

မလေးရှား အမျိုးသားတရုတ်နှစ်သစ်ကူးပွဲတော်သို့ စင်ကာပူခေါင်းဆောင်များ တက်ရောက်သဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးထူးခြားတိုးတက်စေကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောသည်။

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟော်ဘာရူတွင် စနေနေ့ညက ကျင်းပသည့်ပွဲတော်၌ အဗ္ဗဒူလာအာမက်ဘာဒါဝီက ၎င်း၏ လုပ်ဖော်ကိုင်ဖက် ဂိုချောက်တောင်နှင့် ၎င်း၏ ဗိုလ်မှူးချုပ် လီဟာစိန်လွန်တို့အားပွဲတော်သို့တက်ရောက်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ကို မကျူးကျော်မီ တားမြစ်လက်နက်များ ရှိဟုပြောဆိုမှု ကန်ထောက်လှမ်းရေးအဖွဲ့ မည်သည့်အတွက်ကြောင့်ပြောဆိုသည်ကို ရှင်းပြခိုင်း

ဝါရှင်တန် ဇန်နဝါရီ ၂၆

အမေရိကန်နိုင်ငံက အီရတ်ကိုကျူးကျော်ခြင်းမပြုမီ ပိတ်ပင်ထားသောလက်နက်များ အီရတ်ပိုင်ဆိုင်ထားကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့က အဘယ်ကြောင့် ဖော်ညွှန်းပြောဆိုခဲ့သည်ကို ရှင်းပြရန်လိုကြောင်း ရာထူးမှ နုတ်ထွက်သွားသည့် အမေရိကန်လက်နက်စစ်ဆေးသူ ဒေးဗစ်ကေးက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

ဒေးဗစ်ကေးသည် ဆက်ဒမ်ဟူစိန် ထိုလက်နက်များ မပိုင်ဆိုင်ကြောင်း ယခုအခါ ယုံကြည်ထားသည်။ ဒေးဗစ်ကေးက ထိုသို့မှတ်ချက်ပေးခြင်းကြောင့် ဒီမိုကရက်တို့ထံမှ ဝေဖန်ရှုတ်ချမှု ပေါ်ထွက်လာခဲ့သည်။

ကြာမည်

ဒေးဗစ်ကေးက အီရတ်နိုင်ငံသည် ၎င်း၏နျူကလီးယား အစီအစဉ်ကို ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၁ခုနှစ်၌ ပြန်လည် စတင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် အထောက်အထားများက ၁၉၉၀ ပြည့်နှစ်များအတွင်း ပိတ်ပင်တားမြစ်ခြင်း ခံခဲ့ရပြီးနောက် ပြန်လည်တည်ဆောက်ရန်မှာ နှစ်များစွာ ကြာမည်ဖြစ်ကြောင်းကို ပြသည်ဟု ကေးက ပြောဆိုသည်။

ပြောဆို

ယုံကြည်လောက်သော သတင်းပေးနိုင်သည့် စီအိုင်အေ သူသျှိုများ အီရတ်၌မရှိခြင်းသည် ယခုအခါ စီအိုင်အေ၏ အခြေခံပြဿနာဖြစ်သည်မှာ ရှင်းကြောင်း ၎င်းက ပြောဆိုသည်။

ဟောကိန်းထုတ်

ကေး၏ မှတ်ချက်ချပြောဆိုခြင်းကို စီအိုင်အေက ဝေဖန်ခြင်းပြုမည် မဟုတ်သော်လည်း ထောက်လှမ်းရေး အရာရှိတစ်ဦးက ကေးကိုယ်တိုင်သည်ပင်လျှင် ပိတ်ပင်ထားသော လက်နက်များ ပေါ်ထွက်လာမည်ဟု ယမန်နှစ်က ကြိုတင်ဟောကိန်းထုတ်ခဲ့ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

(အင်တာနက်)

ပျံသန်းရှာဖွေ

ဇန်နဝါရီ ၂၆ရက်က တိုက်ဂရစ် မြစ်တစ်လျှောက် အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းက ပျောက်ဆုံးလျက်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များကို ပျံသန်း ရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌အဖျက်စွမ်းအားကြီးသော လက်နက်များရှိဟုအခိုင်အမာပြောဆိုမှု ဒုတိယသမ္မတဒစ်ချေနီနှင့် ဘုရှ်အစိုးရ တာဝန်ခံရမည်

ဝါရှင်တန် ဇန်နဝါရီ ၂၆

အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိကြောင်း အခိုင်အမာပြောဆိုမှုနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဒစ်ချေနီအပါအဝင် ဘုရှ်အစိုးရသည် တာဝန်ခံရမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

လိမ်ညာလှည့်စား

ထိုကိစ္စနှင့်ပတ်သက်၍ အမေရိကန်ဥပဒေပြုအမတ်များသည် ကက်ပီတိုဟီးလ် ကြားနာမှုပြုလုပ်သင့်ကြောင်း ဂျွန်ကယ်ရီက ပြောဆိုသည်။ ဒစ်ချေနီနှင့် အစိုးရအဖွဲ့အတွင်းရှိ အခြားသူများသည် အီရတ်ရှိ အဖျက်စွမ်းအားကြီးမားသော လက်နက်များ၏ အခြေအနေမှန်နှင့်စပ်လျဉ်း၍ အမေရိကန်ပြည်သူများကို လိမ်ညာလှည့်စားခဲ့ကြောင်း ဂျွန်ကယ်ရီက စီဘီအက်စ် အသံလွှင့်အစီအစဉ်သို့ ပြောကြားသည်။ မိမိအနေဖြင့် လုံလောက်သော အထောက်အထားမရှိသည့်အတွက် သမ္မတဘုရှ်၌ အပြစ်ရှိသည်ဟု မိမိပြောမည် မဟုတ်သော်လည်း ဒုတိယသမ္မတက အမေရိကန်ပြည်သူများကို လိမ်ညာလှည့်စားခဲ့သည်ကိုမူ မိမိသိထားကြောင်း ကယ်ရီက ပြောဆိုသည်။

မရည်ရွယ်

ဒစ်ချေနီနှင့်သူ၏ အဆင့်မြင့် အရာရှိအများစုသည် အီရတ်၏ လက်နက်အစီအစဉ်များကို လေ့လာနေသော ဆန်းစစ်သူများအား မေးမြန်းရန်အတွက် စစ်ပွဲမတိုင်မီက စီအိုင်အေသို့ ကြိမ်ဖန်များစွာ သွားရောက်ခဲ့ကြသည်။ သို့ရာတွင် ဒစ်ချေနီက မိမိထိုသို့ သွားရောက်ခြင်းသည် ဆန်းစစ်သူများကို ဖိအားပေးရန် မရည်ရွယ်ခဲ့ကြောင်း ပြောဆိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

မီးပေါက်ကွဲ

ဇန်နဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ကားတစ်စီး မီးလောင်ရာမှ မီးခိုးလုံးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေးကိစ္စ ကုလသမဂ္ဂပါဝင်ဆောင်ရွက်ရေး ကြားနေပြီး လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ရ ရမည်

ဘက်ဒင်ဘက်ဒင်(ဂျာမနီ) ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံအနေဖြင့် လွှတ်တော်အတွက် ရွေးကောက်ပွဲ အမြန်ကျင်းပရန် ဖြစ်မဖြစ်လေ့လာရေးအတွက် ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရလျှင် လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရေးနှင့် ကြားနေနိုင်ရေးကို သူ့အနေဖြင့် အမိအရပြောဆိုရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံတောင်ပိုင်း အပန်းဖြေစခန်း ဘက်ဒင်ဘက်ဒင်၌ ဆုယူအပြီး ကိုဖီအာနန်က အီရတ်သို့ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် အမေရိကန်နှင့် အီရတ်တို့၏ မေတ္တာရပ်ခံချက်ကို မိမိ လက်ခံဆောင်ရွက်ပေးရေး၊ မပေးရေးမှာ စဉ်းစားစရာများစွာရှိနေကြောင်း၊ အချို့မှာ အခမ်းအနားမစမီက ရုပ်မြင်သံကြားမေးမြန်းခန်းတွင် မိမိပြောကြားခဲ့သည့် အချက်အချို့ ပါဝင်ကြောင်း ဖြည့်သွင်း၍ ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

အီရတ်အုပ်ချုပ်ရေးကောင်စီအပြင် အမေရိကန်များနှင့် တနင်္လာနေ့က မိမိတွေ့ဆုံဆွေးနွေးကြစဉ် အီရတ်အရေးတွင် ကုလသမဂ္ဂပါဝင်ရမည်ဆိုလျှင် မိမိတို့အနေဖြင့် လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ကာ ကြားနေအဖြစ် ရပ်တည်ဆောင်ရွက်ရမည်ဖြစ်သည့်ပြင် နှစ်ဖက်စလုံးကလည်း မိမိတို့အဆုံးအဖြတ်ကို လက်ခံကြရမည်ဖြစ်ကြောင်း အတိအလင်း ပြောကြားပြီးဖြစ်သည်ဟုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အေအာရ်ဒီ ရုပ်မြင်သံကြားသို့ ပြောကြားသည်။

အာမခံချက်

နှစ်စဉ်ချီးမြှင့်သည့် ဂျာမနီ မီဒီယာဆုကို လက်ခံရယူပြီးနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်သို့ ကုလသမဂ္ဂကျွမ်းကျင်သူများစေလွှတ်လျှင် ၎င်းတို့၏လုံခြုံရေးကို အာမခံချက်ပေးရမည်ဖြစ်ကြောင်း ထပ်မံပြောကြားသည်။ **(အင်တာနက်)**

တရုတ်အာကာသ စူးစမ်းလေ့လာရေး ဂြိုဟ်တု ဂြိုဟ်ပတ်လမ်းအတွင်း အကြိမ် ၁၆၀၀ လည်ပတ်ပြီးစီး

ဘေဂျင်း ဇန်နဝါရီ ၂၆

ရှင်ဂျူ-၅ အာကာသယာဉ်ဖြင့် ပထမဦးဆုံး တရုတ်အမျိုးသား အာကာသယာဉ်မှူးသည် အာကာသအတွင်း အောင်မြင်စွာပို့လွှတ်နိုင်ခဲ့သည်မှာ သုံးလခန့်ရှိသွားပြီဖြစ်သည်။ အဆိုပါခရီးစဉ်အတွင်း အာကာသ စူးစမ်းလေ့လာရေး ဂြိုဟ်တုကိုလည်း ကမ္ဘာပတ်လမ်းထဲသို့ ပို့လွှတ်ခဲ့သည်။

လက်ခံရရှိ

ယခုအခါ အဆိုပါလေ့လာရေးဂြိုဟ်တုသည် ၎င်း၏ ဂြိုဟ်ပတ်လမ်းအတွင်း အကြိမ်ပေါင်း ၁၆၀၀ လှည့်ပတ်နိုင်ခဲ့ပြီး ပတ်လမ်းထဲမှာရှိနေသည်မှာ ရက်ပေါင်း ၁၀၀ ရှိသွားပြီဖြစ်သည်။ ယင်း လေ့လာရေးဂြိုဟ်တုမှ ပေးပို့သော အချက်အလက်များကို မြေပြင်မှ သုတေသီများက လက်ခံရရှိနေပြီဖြစ်သည်။ **(စီစီတီဗွီ)**

အီရတ်၌ ကန်တပ်ဖွဲ့ဝင်များ ပိုမိုတိုက်ခိုက်ခံနေရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

အီရတ်နိုင်ငံ၌ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် ရက်များ၌ တိုက်ခိုက်ခံရသည့် အန္တရာယ်များနှင့် ပိုမိုကြုံတွေ့ခဲ့ရသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ၂၂၅မိုင်ခန့်ကွာဝေးသော မိုဆူးလ်မြို့ရှိ တိုက်ဂရစ်မြစ်ထဲသို့ အမေရိကန် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားကြောင်း၊ ကင်းလှည့်နေသည့် ရေယာဉ်တိမ်းမှောက်ရာမှာ ပါသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ရှာဖွေရင်း ၎င်းရဟတ်ယာဉ် မြစ်ထဲပျက်ကျသွားခြင်းဖြစ်ကြောင်း၊ ထိုရဟတ်ယာဉ်သည် ဓာတ်ကြိုးနှင့်တိုက်မိပြီး ပျက်ကျခဲ့ပုံဖြစ်ကြောင်း ယာဉ်ပေါ်၌ပါလာသော အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးစလုံး သေဆုံးသွားကြောင်း သိရှိရသည်။

ပြီးခဲ့သည့် စနေနေ့ကလည်း ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာမှ ဒဏ်ရာရခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်သည် ယနေ့ သေဆုံးသွားပြီဖြစ်သည်။ **(စီအင်န်အင်န်)**

မြန်မာနိုင်ငံအနေဖြင့်ဒေသတွင်းနှင့်နိုင်ငံတကာဝန်းကျင်ငြိမ်းချမ်းတည်ငြိမ်ရေးတက်ကြွစွာပါဝင်မည် အနောက်နိုင်ငံတချို့၏ တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုကျော်လွှားနိုင်ရုံမက ပြည်သူများအကျိုးစီးပွားဆောင်ရွက်နိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ" (Seminar on Understanding Myanmar)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

*** အေးချမ်းသာယာမှ**

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာသံအမတ်ကြီးများ၊ အငြိမ်းစား မြန်မာသံအမတ်ကြီးများ၊ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ စီးပွားရေးပညာရှင်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ပါမောက္ခများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ သုတေသနကျွမ်းကျင်ပညာရှင်များ၊ စာတမ်းရှင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

မြန်မာနိုင်ငံကိုစိတ်ဝင်စား

ဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနကကြီးမှူးကျင်းပသည့် "မြန်မာအကြောင်းသိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ"(Seminar on Understanding Myanmar)ကို တက်ရောက် လာကြသည့် မိတ်ဆွေများအားလုံးကို မိမိအနေနှင့်လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါ ကြောင်း ဦးစွာပြောကြားလိုကြောင်း၊ ယခုကဲ့သို့ တက်ရောက်လာကြခြင်းသည် နိုင်ငံတကာရေးရာနယ်ပယ်ကို စိတ်ဝင်စားအလေးထားကြောင်း၊ ပြသနေရုံသာမက မြန်မာနိုင်ငံအပေါ်လည်း စိတ်ဝင်တစားရှိကြကြောင်း ဖော်ညွှန်းရာရောက်သည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း။

ဤဆွေးနွေးပွဲကို နိုင်ငံပေါင်းစုံမှ အသိပညာရှင်များနှင့် သုတေသီပညာရှင်များ တက်ရောက်ချီးမြှင့်သည့်အတွက် မိမိအနေနှင့်များစွာကျေနပ်အားရဖြစ်မိပါကြောင်း၊ အဆွေတော်တို့၏ ကြွယ်ဝလှသည့် အတွေ့အကြုံများသည် ယခုဆွေးနွေးပွဲကို များစွာအကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါကြောင်း၊ အဆွေတော်တို့အနေနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှာ မြန်မာနိုင်ငံအကြောင်း ပိုမိုသိနားလည်မှုကို တိုးမြှင့်ပေးရေးဆိုသည့် ဆွေးနွေးပွဲဦးတည်ချက်ကို များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု မိမိအနေနှင့်ယုံကြည်ပြီးဖြစ်ကြောင်း။

ခေတ်မီနိုင်ငံဖြစ်ရေး

မိမိတို့သည် ပြောင်းလဲနေသည့်ခေတ်ကာလကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ သိပ္ပံနှင့်နည်းပညာ လျင်မြန်တိုးတက်မှုနှင့်အတူ ပြည်သူများ၏ စီးပွားရေးတိုးတက်မှု၊ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလိုမှုဆန္ဒများကြောင့် ကမ္ဘာ့နယ်ပယ်အသီးသီးတွင် ပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်ပါလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ပြန်လည်တည်ဆောက်နိုင်သည့်အတွက် ယခုအခါ နိုင်ငံတကာမှာဝင်ဆံ့သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း။

ပြီးခဲ့သည့်နှစ် ဩဂုတ် ၃၀ရက်နေ့ က မိမိအနေနှင့် စည်းကမ်းကျနပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ပြောင်းလဲဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ ယင်းနိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးတွင် ပါဝင်ရမည့်အခြေခံမူများကို ချမှတ်ပေးသည့် အမျိုးသားညီလာခံပြန်လည်ကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရလွတ်လပ်ပြီးမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်က နိုင်ငံကို ရှေ့ဆက်ဦးဆောင်သွားမည့် နိုင်ငံအကြီးအကဲများ ရွေးချယ်တင်မြှောက်ခြင်း၊ အစိုးရနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းတို့ ပါဝင်မှာဖြစ်ပါကြောင်း။

စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိ

ယခုဆိုလျှင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့်လုပ်ငန်း ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြေခံလုပ်ငန်းရပ်များ ပြီးပြတ်သွားသည်နှင့် လုပ်ငန်းစဉ်များကို ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်ကြီးအောင်မြင်စေရန်အတွက် မိမိအနေနှင့် တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့ အနက် ၁၃ဖွဲ့ကို တွေ့ဆုံပြီးဖြစ်ကြောင်း၊ ကျန်အဖွဲ့များနှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပါကြောင်း၊ ထို့အပြင် တရားဥပဒေဘောင်ထဲကို မဝင်ရသေးသည့် အဓိကအုပ်စုဖြစ်သော ကရင်အမျိုးသားညီညွတ်ရေးအဖွဲ့(ကေအင်န်ယူ)နှင့်လည်း စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးအဆင့်မြင့်မားရေး

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း၁၀၀ကျော် မှီတင်းနေထိုင်ရာ နိုင်ငံဖြစ်သည့်အတွက် အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ အဓိကကျလှပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေနှင့်အမျိုးသားစည်းလုံးညီညွတ်ရေးကို အဆင့်မြင့်ဆုံးဦးစားပေးလုပ်ငန်းတစ်ရပ်အနေနှင့် ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့သည် တိုင်းရင်းသားလူမျိုးစုများ အားလုံးချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးနှင့် ၎င်းတို့မှီတင်းနေထိုင်ရာ ဒေသများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုမြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်နေပါကြောင်း၊ ယနေ့အထိနိုင်ငံတော်အစိုးရအနေနှင့် အခြေခံဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားစေရေးနှင့် ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းများ မြင့်မားလာစေရေးလုပ်ငန်းများအတွက် ကျပ်ငွေ ဘီလီယံ ၅၀ကျော်နှင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ကျော်ကို သုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း။

သတိဖြင့် ဆက်လက်လျှောက်လှမ်းရမှာဖြစ်

ယင်းနှင့်ဆက်စပ်ပြီး ငြိမ်းချမ်းပြီးအေးချမ်းတည်ငြိမ်သည့် ဝန်းကျင်တစ်ရပ်ပေါ်ထွန်းမှသာ ဒီမိုကရေစီကို တည်ဆောက်နိုင်မှာဖြစ်သည်ဟု မိမိအနေနှင့် အလေးထားပြောကြားလိုပါကြောင်း၊ ဤနေရာတွင် နိုင်ငံ၏သမိုင်းကြောင်းနောက်ခံနှင့် ပကတိအခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် လွယ်ကူမှုမရှိနိုင်သလို ပြင်ပမှလည်း အတင်းအဓမ္မသွတ်သွင်း၍ မရနိုင်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံမှာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်သည့်လုပ်ငန်းများသည် အခြားနိုင်ငံများအတွက်လည်း အောင်မြင်မှုရရှိလိမ့်မည်ဟု ပြော၍မရပါကြောင်း၊ ခိုင်မာသည့် အခြေခံအုတ်မြစ်များကို မတည်ဆောက်ရုံသာမက ယုံကြည်အားကိုးလောက်သည့်အဖွဲ့အစည်းမျိုးထူထောင်နိုင်ရန် လုပ်ငန်းစဉ်များကိုစနစ်တကျ ချမှတ်အကောင်အထည်ဖော်ခြင်းမရှိပါက ဒီမိုကရေစီပြောင်းလဲရေးလုပ်ငန်းစဉ်ကို တည်ဆောက်၍ရမှာမဟုတ်ပါကြောင်း၊ အဲဒီလိုတည်ဆောက် မည်ဆိုလျှင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြိုကွဲပျက်ပြားစေမှာပဲဖြစ်ကြောင်း၊ လမ်းလျှောက်တတ်ခါစကလေးငယ်၏ ကနဦးခြေလှမ်းများကဲ့သို့ မိမိတို့မှာလည်း ခြေလှမ်းကြီးကြီးမားမားမလှမ်းမိ တစ်လှမ်းချင်းတစ်လှမ်းချင်း သတိဖြင့် ဆက်လက်လျှောက်လှမ်းရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံမှာ စိန်ခေါ်ဖိအားပေးမှုများနှင့်ရင်ဆိုင်နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဦးစားပေးလုပ်ဆောင်ရမည့် မူဝါဒများကိုချမှတ်ရန် လိုအပ်ကြောင်း၊ နောက်ဆုံးခွဲခြမ်းစိတ်ဖြာမှုအရ မိမိတို့သည် မည်သည့်ပုံစံကို ကျင့်သုံးမည်၊ ပြုပြင်ပြောင်းလဲမှုကို ဘယ်လောက်မြန်မြန်ဆန်ဆန်ပြုလုပ်မည်ဆိုတာ မိမိတို့ကသာ ဆုံးဖြတ်ရမှာ ဖြစ်ကြောင်း။

မော်တော်ယာဉ်အထိထုတ်လုပ်

စီးပွားရေးနယ်ပယ်တွင် မြန်မာနိုင်ငံကို အနောက်နိုင်ငံတချို့က တစ်ဖက်သတ်အရေးယူပိတ်ဆို့ဆောင်ရွက်မှုများ ပြုလုပ်နေလင့်ကစား ဈေးကွက်စီးပွားရေးစနစ်ကို တိုးမြှင့်နိုင်မည့် ကြိုးပမ်းဖော်ဆောင်မှုသည် မှန်ကန်တည်ငြိမ်သည့် လမ်းကြောင်းပေါ်တွင်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးသည် တိုးတက်အောင်မြင်မှုများရရှိနေသလို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍရပ်များမှာ တိုးတက်မှုအလားအလာများစွာကောင်းမွန်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်အပတ်က စတင်ကျင့်သုံးခဲ့သည့် e-visa စနစ်ကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်နှင့် တိုးတက်လာရန်အလားအလာများစွာရှိနေပါကြောင်း၊ စွမ်းအင်ကဏ္ဍမှာဆိုလျှင်လည်း နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကို ရခိုင်ကမ်းလွန်ဒေသမှာစမ်းသပ်တွေ့ရှိမှုနှင့်ရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်ပြီးစီးမှုများသည် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမှာ ဖြစ်ပါကြောင်း။

ကုန်ပစ္စည်းများတွင်တွင်ကျယ်ကျယ်ထုတ်လုပ်လာနိုင်

ယနေ့မြန်မာနိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကဏ္ဍကို အဓိကအားဖြင့်အခြေခံထားသော်လည်း မိမိတို့၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုလက်မှုနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရေးပဲဖြစ်ကြောင်း၊ ယင်းကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြိုးပမ်းရာမှာ ပုဂ္ဂလိက ကဏ္ဍကိုလည်း မောင်းနှင်အားသဖွယ် အသုံးပြုရမှာဖြစ်ပါကြောင်း၊ ယနေ့ဆိုလျှင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရပ်များသည် တစ်နေ့တခြား တိုးပွားများပြားလာနေပြီး စားသောက်ကုန်ပစ္စည်းများမှသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာများနှင့် မော်တော်ယာဉ်များ အဆင့်အထိ ကုန်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်လာနိုင်နေပြီဖြစ်ကြောင်း။

ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများမှာလည်း ထူးခြားသည့်တိုးတက်မှုများရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်တစ်နှစ်တည်းမှာပင် ဆေးရုံအသစ် ၂၂ရုံ ဖွင့်လှစ်နိုင်ခဲ့ပြီး ရှိပြီးသားဆေးရုံခြောက်ရုံကိုလည်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍမှာလည်း တက္ကသိုလ်နှင့်ကောလိပ်အသစ်များ ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ဘွဲ့လွန်သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်အတွင်း အဆင့်မြင့်ပညာသင်ကြားနိုင်သည့် တက္ကသိုလ်နှင့် ကောလိပ် ၃၂ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် တက္ကသိုလ်နှင့် ကောလိပ်၁၅၄ခုအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပညာသင်ကြားနိုင်ရန် အခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့်ဖန်တီးပေးနိုင်ခဲ့သည့်အတွက် တက္ကသိုလ်နှင့်ကောလိပ်များမှာ ပညာသင်ယူနေသည့် ကျောင်းသားအရေအတွက်မှာ ယခင်က ၁၃၀၀၀၀ သာရှိနေရာက ယခုအခါ ၈၉၀၀၀၀ အထိပိုမိုများပြားလာပြီဖြစ်ပါကြောင်း။

ဖွင့်လှစ်နိုင်ခဲ့

အလားတူပင် တက္ကသိုလ်ပါမောက္ခနှင့် ဆရာဆရာမ အရေအတွက်သည်လည်း ယခုအခါ ၁၆၆၀၀အထိ တိုးတက်လာခဲ့ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်တို့မှာ ပါရဂူဘွဲ့သင်တန်းပေါင်း ၃၁ မျိုး၊ ဆေးတက္ကသိုလ်များမှာ ဆေးလက်တွေ့အခြေခံ ပါရဂူဘွဲ့ (Ph.D) သင်တန်းခုနစ်မျိုးနှင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့(Dr. Med.Sc) သင်တန်း ၃၀၊နည်းပညာတက္ကသိုလ်များမှာ အင်ဂျင်နီယာဆိုင်ရာသိပ္ပံပါရဂူဘွဲ့ ငါးမျိုးနှင့် အင်ဂျင်နီယာနှင့်ဗိသုကာပါရဂူဘွဲ့ ၁၆မျိုး၊ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာပါရဂူဘွဲ့တစ်မျိုးတို့ကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Bagan Cybertech အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (မြန်မာ့အလင်း)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို၊နည်းပညာဆိုင်ရာရက်သတ္တပတ်-၂၀၀၄ပြပွဲလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ဇနီး မဒမ်နာလီဆီဆူလစ်တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့်ဇနီး မဒမ်နာလီဆီဆူလစ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည်ရွှေတိဂုံ စေတီတော်အားလက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြရာစေတီတော်သမိုင်းနှင့် စေတီတော်အကြောင်း သိကောင်းစရာများကို ဂေါပကအဖွဲ့ဝင်များက လိုက်လံရှင်းလင်း ပြသကြသည်။

ဓမ္မလက်ဆောင်

ဆက်လက်၍ စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ရာဟုထောင့်ရှိ ရွှေတိဂုံစေတီတော်မော်ကွန်းခတ်ပုံပြခန်းကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်သည် စေတီတော်အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ နံ့သာများ ဆက်ကပ်လှူဒါန်း၍ စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ရွှေတိဂုံစေတီ ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကြသည်။

နှုတ်ခွန်းဆက်

ထိုမှတစ်ဆင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ကျင်းပလျက်ရှိသည့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲကို သွားရောက်ကြည့်ရှုလေ့လာကြရာ အစည်းအဝေးခန်းမ၌ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးပြုံးမောင်မောင်က မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ဖြေကြား

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်က ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွှေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကိုလည်းကောင်း၊ Bagan Cybertechကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထောင်လန်ဆီဆူလစ်အား ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ၂၀ ခေတ်ကျော်လွှား

(၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ရှိ သာသနာ(၂၅၀၀) စေတီတော်မြတ်ကြီးပရဝဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ (လပြည့်နေ့မှ တပို့တွဲလပြည့်ကျော် ၃ ရက်အထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်အတွက် ပါဝင်လှူဒါန်းလိုသူများသည် သာသနာ(၂၅၀၀)စေတီတော်မြတ်ကြီး၏ ဦးစီးပဓာနဆရာတော် ဖုန်း-၀၇၅-၂၄၀၇၉၊ ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မင်းချစ်ငွေ ဖုန်း-၀၅၇-၂၄၁၄၁၊ အတွင်းရေးမှူး ဦးထွန်းအောင် ဖုန်း-၀၅၇-၂၅၅၀၁ နှင့် တွဲဖက်အတွင်းရေးမှူး ဦးမောင်ရောင်း ဖုန်း-၀၅၇-၂၅၇၄၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပိုလန်သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးမစ္စတာဂျယ်စီ၊စူဒီကွာစကီး၏ နေရာတွင် မစ္စတာဘော့စ်ဒါန်၊ ဂိုရာလ်လိုဇစ်ခ်အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စတာဘော့စ်ဒါန်၊ဂိုရာလ်လိုဇစ်ခ်သည် ၁၉၅၄ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဝါဆောတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံမဟာဝိဇ္ဇာဘွဲ့၊ တရုတ်ရေးရာ မဟာဝိဇ္ဇာဘွဲ့နှင့် နိုင်ငံရေးသိပ္ပံပါရဂူဘွဲ့တို့ကိုရရှိခဲ့သည်။ ၎င်းသည် ၁၉၈၃ခုနှစ်တွင် ပိုလန်သိပ္ပံကျောင်းတွင် အလုပ်သင်အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၈၄ခုနှစ်မှ ၁၉၉၁ခုနှစ်အထိ ပိုလန်နိုင်ငံတက္ကာရေးရာတက္ကသိုလ်တွင် တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ခုနှစ်မှ ၁၉၉၁ခုနှစ်အတွင်း ပိုလစ်တီကာ အပတ်စဉ်မဂ္ဂဇင်းတွင် ဆောင်းပါးရှင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၁၉၉၁ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ ပိုလန်သံရုံးတွင် သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၈ ခုနှစ်မှစ၍ ဝါဆောတက္ကသိုလ် ဥရောပဌာနတွင် သုတေသနပညာရှင်နှင့် ကထိကအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး စီးပွားရေးပုံစံသစ် အပတ်စဉ်မဂ္ဂဇင်း၌ ၁၉၉၈ခုနှစ်တွင်လည်းကောင်း၊ ပြည်ထောင်စုနှင့် ပိုလန်မဂ္ဂဇင်း၌ ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း စတင်၍ ဆောင်းပါးရှင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၂၀၀၁ခုနှစ်မှ စ၍ ပိုလန်နိုင်ငံခြားရေးဝန်ကြီး၏ နိုင်ငံရေးရာအတိုင်ပင်ခံအဖွဲ့ အကြီးအကဲအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သည်။

မစ္စတာဘော့စ်ဒါန်၊ဂိုရာလ်လိုဇစ်ခ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်၍ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးရှိသည်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာသံအမတ်ကြီး ဒေါက်တာအောင်နိုင် ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၈

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါက်တာအောင်နိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဖနောင်ပင်မြို့၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ်ဘတ်ဆမ်ဒက်ပရယ်နိုရိုဒွန် သီဟာနုထံ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ဝန်ကြီးဦးသောင်း တောင်ဒဂုံစက်မှုဇုန်ကြည့်ရှု ထုတ်လုပ်မှုနည်းစဉ်များလေ့လာဖြည့်ဆည်း

ရန်ကုန် ဇန်နဝါရီ ၂၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့က ရန်ကုန်တိုင်း တောင်ဒဂုံ စက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်တာဝန်ခံ အမှုဆောင်များ၊ လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားကာ တောင်ဒဂုံစက်မှုဇုန် (၁)၊ (၂)၊ (၃)တို့ရှိ စက်မှုလက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးဦးသောင်းသည် စက်မှုဇုန်တာဝန်ခံအမှုဆောင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ရာ၌ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏ ပဓာနကျသော အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တောင်ဒဂုံစက်မှုဇုန်(၁)၊(၂)၊(၃)တို့မှ ဥက္ကဋ္ဌများက ဆောင်ရွက်နေသော လုပ်ငန်းများ၊ ဖြစ်ပေါ်တိုးတက်လာမှုများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီး ဦးသောင်းနှင့်အဖွဲ့သည် (UCM) ကားထုတ်လုပ်ရေးအလုပ်ရုံ၊ (KSW) ကားထုတ်လုပ်ရေးအလုပ်ရုံ၊ နေပြည်တော်ကားထုတ်လုပ်ရေးအလုပ်ရုံ၊ (UPM) ကားထုတ်လုပ်ရေးအလုပ်ရုံ၊ (UAM) ကားထုတ်လုပ်ရေးအလုပ်ရုံ၊ (Mechtronic)လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးအလုပ်ရုံနှင့် (Earth Industries) လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးအလုပ်ရုံများသို့ သွားရောက်၍ ထုတ်လုပ်မှုနည်းစဉ်များ၊ ထုတ်လုပ်နိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို လေ့လာပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဒဂုံ စက်မှုဇုန်တာဝန်ခံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း တောင်ဒဂုံ စက်မှုဇုန်ရှိ UPM ကားထုတ်လုပ်ရေးအလုပ်ရုံတွင် ပြည်တွင်း၌ တည်ဆောက်ထားသော တန်၁၀၀ Frame ဖိစက်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သိပ္ပံနှင့်နည်းပညာ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်အင်ဂျင်နီယာနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huanqiu Contracting & Engineering Corp: မှ President & CEO Mr. Wang Shihong နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Tang Hai နှင့်အဖွဲ့ဝင်များနှင့် Asia World Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အရှင်ကေသဝ(ပျော်ဘွယ်) အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

ကယားပြည်နယ် လွိုင်ကော်မြို့ မိုးကုတ်ရိပ်သာ (၈၁) သံဃာယောဂီနှစ်ထပ်ကျောင်းဆောင် (ပတ္တမြားဆောင်) ရေစက်ချအလှူမင်္ဂလာတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် မိုးကုတ်ဝိပဿနာနယ်လှည့်ဓမ္မကထိက အရှင်ကေသဝ(ပျော်ဘွယ်)က တပို့တွဲလဆန်း ၈၊ ၉၊ ၁၀၊ ၁၁ ရက်များတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၇ရက် (အဖိတ်နေ့)
၂၈-၁-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၂၀	၇။	မအီချောင်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Learning English the Easy and Happy Way for Children and Beginners
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇း၁၅	၆။	(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၃၀	၇။	ကြွခိုင်ကျန်းမာပြည်မြန်မာ
၁၇း၄၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၅၀	၉။	သီချင်းကြီးပဒေသာ
၁၈း၀၅	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၁၅	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	Milo Success in Soccer
၁၉း၁၅	၁၅။	တေးဂီတအစီအစဉ်
၁၉း၃၀	၁၆။	ကော်ဖီ(အပိုင်း-၂)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ တုံ့မယူလို ”**(အပိုင်း-၂၀)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

▼ ***အိုင်တီမှ***

နည်းပညာရပ်များကို ပြည်သူလူထုအတွင်း လျင်မြန်စွာသိရှိအသုံးချနိုင်ရန်အတွက် နိုင်ငံတော်က အထူးဦးစားပေးဆောင်ရွက်လျက် ရှိသည့်အချိန်လည်းဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကြိုးစားဆောင်ရွက်လျက်ရှိရာ လူငယ်များအတွင်း ခေတ်မီနည်းပညာရပ်များကျွမ်းဝင်စွာ လေ့လာဆည်းပူးနိုင်ရေး၊ အသုံးချဆောင်ရွက်နိုင်ရေး၊ နောက်ဆုံးပေါ်အိုင်တီနည်းပညာရပ်များ မျိုးဆက်သစ်လူငယ်များအကြား လျင်လျင်မြန်မြန် သိရှိတတ်မြောက်နိုင်ရေးကို ထောက်ကူပံ့ပိုးသည့် အနေဖြင့် မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

ယခုအခါ တတိယအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ-၂၀၀၄ကို ကျင်းပပြုလုပ်ပေးလျက်ရှိရာ အဆိုပါပြပွဲတွင် ခင်းကျင်းပြသလျက်ရှိသည့် ပြခန်းများနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် Canon ပြခန်းမှ အရောင်းမန်နေဂျာ ဒေါ်နော်မာနေထူးက ရှင်းလင်းပြောကြားရာတွင် “မိမိတို့ပြခန်းတွင် Canon ပစ္စည်းများဖြစ်သော ဒီဂျစ်တယ် ကင်မရာများ၊ လေဆာ ပရင်တာ၊ Projector များ၊ Fax နှင့် မိတ္တူကူးစက်များ၊ အခြား Canon ပစ္စည်းများကို ပြသထားပါကြောင်း” ပြောကြားသည်။

“အဆိုပါပစ္စည်းများသည်နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံး ပစ္စည်းများဖြစ်၍ အရည်အသွေး ကောင်းမွန်ပါကြောင်း၊ ယင်းပစ္စည်းများနှင့် ပတ်သက်၍လည်း နည်းပညာသုံးစွဲထားမှုအပေါ် ရှင်းလင်းပြောကြားပေးလျက်ရှိပါကြောင်း၊ ပြည်သူများကို အိုင်တီနည်းပညာတိုးတက်မှုနှင့် နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံး ဆက်စပ်ပစ္စည်းများကို သိရှိသုံးစွဲစေချင်၍ဖြစ်ပါကြောင်း၊ ပြပွဲကာလအတွင်း ဝယ်သူများအတွက် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း၊ ယခုပြပွဲသို့လာရောက်မေးမြန်းသူများကိုလည်း မှတ်တမ်းပြုစု၍ နောင်ရက်များတွင် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း” ပြောကြားသွားသည်။

တစ်ဖန် Cystem Computer ပြခန်းမှအထွေထွေမန်နေဂျာ ဦးအောင်အောင်ကလည်း “ပြခန်းဖွင့်လှစ် ပြသရခြင်းမှာ မျိုးဆက်သစ်လူငယ်များအတွက် အိုင်တီနည်းပညာနှင့် ပတ်သက်ပြီးနောက်ဆုံးပေါ် ပစ္စည်းအသစ်အဆန်းများကို သိရှိစေချင်၍ ဖြစ်ကြောင်း” ပြောကြားသည်။

ပြခန်းတွင်အိမ်သုံး၊ ရုံးသုံးအဆင့်ကွန်ပျူတာအစုံများ၊ ဂိမ်းစင်တာများအတွက် ကွန်ပျူတာအစုံများ၊ အဆင့်မြင့်ဆုံး Professional Model ကွန်ပျူတာအစုံများ၊ ကွန်ပျူတာနှင့်တွဲဖက်အသုံးပြုနိုင်သည့် ဆက်စပ်ပစ္စည်းများ၊ အဆင့်မြင့်ဆုံး Mother Board (Abit) များ၊ Samsung Monitor များ၊ 15 လက်မနှင့် 17 လက်မ Samsung Monitor များ၊ နောက်ဆုံးပေါ် 52XCD-R များကိုပြသထားပြီး ပြပွဲ အတွင်း ဝယ်ယူလိုသူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ဆက်လက်၍ Concord A ပြခန်းမှ ဒေါ်တင်ဇာဇာမွန်ရည်စိုး (ဆော့ဖ်ဝဲ အင်ဂျင်နီယာ)က ပြခန်းနှင့် ပတ်သက်၍ ပြောကြားရာတွင် “ပြခန်းတွင် Fuji Xerox ရုံးသုံး Printer များ၊ Fax၊ Scan စသည့် ပစ္စည်းများ၊ GPS စက်များ၊ ဂြိုဟ်တုအသုံးပြုပြီး မြေပုံထုတ်ယူနိုင်သည့် အချက်အလက်များကို ထည့်သွင်းထားသည့် GPS များသည် ပြည်သူများအတွက် ကောင်းစွာဝန်ဆောင်မှုပေးသည့် ပစ္စည်းများ ဖြစ်ပါကြောင်း၊ Xerox Phaser 3110 Laser Printer များသည် နောက်ဆုံးပေါ် နည်းစနစ်များ အသုံးပြုထည့်သွင်းထားသောကြောင့် အရည်အသွေး မြင့်မားသော ပစ္စည်းများဖြစ်ကြောင်း” ပြောကြားသွားသည်။

ထို့နောက် Smart Computer ပြခန်းတွင် ဦးအောင်အောင် (ပြခန်းတာဝန်ခံ)က မိမိတို့ပြခန်းတွင် Msi မှ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ Motherboard များ၊ AGP Graph Card များ၊ CD ron, DVD ron, CD Writer များ ပြသထားပါကြောင်း၊ ကွန်ပျူတာချင်း ချိတ်ဆက်ရန်အတွက် Sever Main Board များကိုလည်း ပြသထားကြောင်း၊ ပြည်သူများအနေဖြင့် ပြပွဲအတွင်း ဝယ်ယူလိုပါက အထူးနှုန်းထားဖြင့် ရောင်းချပေးကြောင်း၊ အရည်အသွေး မြင့်မားသည့် ပစ္စည်းများကို ပြည်သူများ လေ့လာသိရှိနိုင်ရန်ရည်ရွယ်ကြောင်း” ပြောကြားသည်။

T Zone ပြခန်းတွင် ဦးစိုးနိုင် (မန်နေဂျာ)က “မိမိတို့ပြခန်းတွင် အိုင်တီနည်းပညာသုံးနောက်ဆုံးပေါ် PC များ၊ Servers များ၊ Vido Editing၊ Networking Camera များ၊ Barcode Reader၊ Scanner၊ Printer များကိုပြသထားပါကြောင်း၊ ပစ္စည်းများအားလုံး အရည်အသွေးမြင့်မားပြီး ဝန်ဆောင်မှုများကို အထိရောက်ဆုံးပေးသည့်ပစ္စည်းများဖြစ်ပါကြောင်း၊ ပြပွဲအတွင်း သုံးစွဲသူများအတွက် အထူးဈေးနှုန်းများဖြင့် ရောင်းချပါကြောင်း။

အိုင်တီနည်းပညာသုံး နောက်ဆုံးပေါ်ပစ္စည်းများကို ပြည်သူများ လွယ်လင့်တကူ သိရှိမြင်တွေ့ပြီး ဗဟုသုတလည်းရရှိစေချင်၍ ပြသခြင်းလည်းဖြစ်ပါကြောင်း” ပြောကြားသွားသည်။

တတိယအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ်ပြပွဲ-၂၀၀၄ကို ဇန်နဝါရီ ၃၁ရက်ထိ ရက်တိုးမြှင့်ပြသလျက်ရှိသဖြင့် ပြပွဲသို့လာရောက်လေ့လာလိုသူ ပြည်သူများအတွက် နိုင်ငံတကာတွင် တိုးတက်နေသော အိုင်တီနည်းပညာနှင့် ပစ္စည်းများကို အချိန်ပိုမိုလေ့လာဆည်းပူးခွင့်ရရှိမည့်အခွင့်အရေးကောင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

အီဒွလ်အဿွာဟာ(ဘက္ကရီးအီးဒ်)နေ့ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် (၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်) တနင်္လာနေ့သည် အီဒွလ်အဿွာဟာ(ဘက္ကရီးအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့်လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာအမှတ်၊ ၄/၂၀၀၄ ဖြင့် ယနေ့ကြေညာသည်။ **(သတင်းစဉ်)**

Myanmar ICT Week 2004
ပြပွဲကို
31- 1-2004 အထိ
(ရက်တိုး) ပြသသွားမည်ဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော အောင်ဖေယျငြိမ်းချမ်းရေးရွာမှ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးစောထွန်းဦးနှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❐ နိုင်ငံတော်မှ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်၏ ရေရှည်ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရေရှည်ဆက်သွားမည့်မူဝါဒလမ်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

နိုင်ငံခြားရေးရာကိစ္စများနှင့်ပတ်သက်လို့ ကြည့်ရင်လည်း မြန်မာနိုင်ငံအနေနှင့် ဒေသတွင်း နိုင်ငံတကာဝန်းကျင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများမှာ တက်ကြွသည့်အခန်းကဏ္ဍနေ ပါဝင်ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် လုံခြုံရေးအာမခံချက်ရရှိစေရန် ပြည်ပအခြေအနေများ ဖန်တီးတည်ဆောက်နေခြင်းဖြစ်ရာ အလွန်ပဲအရေးကြီးကြောင်း မိမိတို့ ခံယူထားပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာအခြေခံမှုများနှင့်အညီ ကမ္ဘာမှာကြုံတွေ့နေရသည့် ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်မှုများကို ဆက်လက် ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးကို ပိုမိုခိုင်မာသည့် အဖွဲ့ကြီးဖြစ်လာအောင် ကြိုးပမ်းမှုများကို မြန်မာနိုင်ငံအနေနှင့် ထောက်ခံပါကြောင်း၊ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံသည် နိုင်ငံအားလုံး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးရရှိစေရန် အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသတွင်းပူးပေါင်း

မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိနိုင်ငံများ၏ ဆက်ဆံရေးသည် မကြာသေးသည့်နှစ်များအတွင်းက သိသာထင်ရှားစွာတိုးတက်လာတာကို ဝမ်းမြောက်စွာတွေ့ရပါကြောင်း၊ ဒေသတွင်းရှိ မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံအပေါ် အကူအညီပေးခဲ့မှုများနှင့် စည်းလုံးညီညွတ်မှုရှိကြောင်းပြသခဲ့မှုများအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၊ ဘင်းမ်စတက်အစရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများမှာလည်း တက်ကြွစွာပါဝင် ဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံအနေနှင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း လေးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ပြုလုပ်သည့် ပထမအကြိမ်ထိပ်သီးအစည်းအဝေးကို ပုဂံမြို့တွင် အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း၊ ထိုထိပ်သီးအစည်းအဝေးက ချမှတ်လိုက်သည့် လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာတွင် နိုင်ငံများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့်တင်ရေး၊ နယ်စပ်ဒေသများမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပေါ်ထွန်းရေး၊ အလုပ်အကိုင်များ ပိုမိုရရှိရေးနှင့် ဝင်ငွေကွာဟမှုလျော့နည်းရေးအတွက်ကို ဦးတည်ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း၊ ဒေသခွဲဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်ဆောင်ရွက်မှုသည် ရလဒ်ကောင်းများ ရရှိလာမှာဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများမှ ပြည်သူလူထုကို များစွာအကျိုးရှိစေမှာဖြစ်ကြောင်း။

အမြင်မှားအောင်ဖန်တီး

မြန်မာနိုင်ငံသည် လွန်ခဲ့သည့်(၁၅)နှစ်အတွင်း အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း၊ ထိုအချိန်တိုအတွင်းမှာ ဤမျှလောက်များပြားသည့် နိုင်ငံ၏ အခြေခံအဆောက်အအုံများနှင့် ကျန်းမာရေး၊ ပညာရေးအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးမှုများသည် နိုင်ငံ၏သမိုင်းမှာ လုံးဝမရှိခဲ့ပါကြောင်း၊ နိုင်ငံအတွင်း ယခုအခါမှာရရှိနေသည့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့သည် နိုင်ငံ၏ အနာဂတ်အတွက် ကောင်းမွန်သည့် အလားအလာများပဲ ဖြစ်ပါကြောင်း။ မြန်မာနိုင်ငံသည် အနောက်နိုင်ငံအချို့ကချမှတ်ခဲ့သည့် တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့မှုများကို ကျော်လွှားနိုင်ရုံသာမက နိုင်ငံတွင်းမှာရှိသည့် ပြည်သူများ၏ အကျိုးစီးပွားကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည် ဆိုတာကို မည်သူမှမငြင်းနိုင်သည့်အချက်ပဲဖြစ်ပါကြောင်း၊ ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေနှင့် ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သလို အိမ်နီးနားချင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်လည်းဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ မြန်မာနိုင်ငံမှာ အပြုသဘောဆောင်သည့် ပြောင်းလဲမှုများရှိနေသော်လည်း အနောက်နိုင်ငံများက မြန်မာအစိုးရသည် လူ့အခွင့်အရေး ချိုးဖောက်နေကြောင်း၊ ကလေးသူငယ်များကို စစ်မှုထမ်းစေကြောင်းအစရှိသည့် ပြစ်မှုများကျူးလွန်နေသည်ဟု မှားယွင်းစွာ စွပ်စွဲပြီး မြန်မာနိုင်ငံအပေါ် ဆက်လက်ပုတ်ခတ်တိုက်ခိုက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို ပြိုကွဲပျက်စီးစေချင်သည့်သူများက မြန်မာနိုင်ငံသည် ပျက်စီးယိုယွင်းနေပြီး နိုင်ငံသားများသည်လည်း ဖိနှိပ်ချုပ်ချယ် မှုများခံနေရသည်ဆိုသည့် မှားယွင်းသော အမြင်များဖြစ်အောင် ဖန်တီးနေကြပါကြောင်း။

ထိုမှားယွင်းသည့် အမြင်များကို ပြင်ဆင်ရန် အချိန်ရောက်ပြီဖြစ်ကြောင်း၊ ယခုတက်ရောက်လာကြသည့် ပညာရှင်များနှင့် သုတေသီများအနေဖြင့် ယထာဘူတကျကျ ထုတ်ဖော်ပြောဆိုရေးသားခြင်းအားဖြင့် မြန်မာနိုင်ငံ၏ သိမ်မွေ့သည့် အခြေအနေ၊ ခေတ်မီပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ကမ္ဘာကသိအောင် ဆောင်ရွက်ရာတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်နိုင်သည်ဟု မိမိတို့အနေနှင့် စွဲမြဲစွာယုံကြည်ပါကြောင်း။

လျင်မြန်စွာပြောင်းလဲ

ယခုဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတွင်းမှာ ဖြစ်ပေါ်နေသည့် ကြီးမားလှသော ပြုပြင်ပြောင်းလဲမှုများ၊ အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးမှုများ ကို မျက်မြင်ကိုယ်တွေ့လေ့လာခွင့်ရရှိမည်ဟု သိရှိရသည့်အတွက် လွန်စွာပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ ယင်းခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံသည် ငြိမ်းချမ်းသည့်နိုင်ငံ၊ တက်ကြွစွာလှုပ်ရှားနေသည့်နိုင်ငံ၊ ခေတ်မီပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသို့ လျင်မြန်စွာပြောင်းလဲနေသည့်နိုင်ငံ ဖြစ်တယ်ဆိုသည်ကို တွေ့ရှိနိုင်လိမ့်မည်ဟု ယုံကြည်ပြီးဖြစ်ပါကြောင်း။

ယခုဆွေးနွေးပွဲကြီး အဘက်ဘက်မှ အောင်မြင်ပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့တက် ရောက်လာကြသည့် သံတမန်များ၊ ပြည်ပနိုင်ငံများမှ သုတေသနကျွမ်းကျင်ပညာရှင်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပါဝင်ဆွေးနွေး

ဆွေးနွေးပွဲတွင် "နိုင်ငံတော်၏ ရေရှည်ဆက်သွားမည့်မူဝါဒလမ်းစဉ်"စာတမ်း "နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေး ကြိုးပမ်းဆောင်ရွက်မှုများ"စာတမ်း၊ "မူးယစ်ဆေးဝါး တိုက်ဖျက်ရေး"စာတမ်း၊ "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု"စာတမ်း၊ "မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ"စာတမ်း၊ "ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှု"စာတမ်း၊ "မြန်မာအမျိုးသမီးများ အခွင့်အရေးဆိုင်ရာ"စာတမ်း၊ "မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ"စာတမ်းနှင့် "မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ" စာတမ်းစသည့် စာတမ်းကိုးစောင်ကို သက်ဆိုင်ရာပညာရှင်များ တင်ပြကြမည်ဖြစ်ပြီး ပြည်ပသုတေသနကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၂၈ ရက်ထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)၌ စတင်ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ မြန်မာသံအမတ်ကြီးများ၊ အငြိမ်းစားမြန်မာသံအမတ်ကြီးများ၊ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ စီးပွားရေးပညာရှင်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပြည်ပနိုင်ငံများဖြစ်သော ဘရူနိုင်း၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ သုတေသနကျွမ်းကျင်ပညာရှင်များ၊ စာတမ်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တင်ပြဆွေးနွေး

ယနေ့ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းက "နိုင်ငံတော်၏ရေရှည်ဆက်သွားမည့်မူဝါဒလမ်းစဉ်" စာတမ်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်သိန်းက "နိုင်ငံတော်တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကြိုးပမ်းဆောင်ရွက်မှုများ"စာတမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီးခမ်းအောင်က "မူးယစ်ဆေးဝါးတိုက်ဖျက်ရေး"စာတမ်းနှင့် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်က "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး"စာတမ်းတို့ကို တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြကာ ဆွေးနွေးပွဲပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပမှ သုတေသနကျွမ်းကျင်ပညာရှင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဇီဇဝါရိပ်သာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ "Understanding Myanmar"ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာပြပွဲ ကြည့်ရှုအားပေးသူများဖြင့်စည်ကားလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၇

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park၌ သတ္တမနေ့အဖြစ် ဆက်လက်ကျင်းပသည်။ ပြပွဲသို့ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ အသင်းအဖွဲ့များ၊ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှု လေ့လာကြရာ ကြည့်ရှုအားပေးကြသူများဖြင့် အထူးစည်ကားကြသည်။

Ray Net Information Technology Co., Ltd. ပြခန်းတွင် နိုင်ငံတကာ၌ ရေပန်းအစားဆုံး Open Source Technology များကို အသုံးပြုပြီး Linuxကွန်ပျူတာစနစ်ပေါ်တွင် Java Language ဖြင့် ရေးသားကာ Intranetနှင့် Internetတို့တွင် အသုံးပြုနိုင်သည့် Web Application များကို Program များ ရေးဆွဲပေးလျက်ရှိသည်။ Linux ကွန်ပျူတာစနစ်သည် Microsoft Window ကွန်ပျူတာစနစ်ထက် နည်းပညာပိုင်းဆိုင်ရာ ပိုမိုလွတ်လပ်ခွင့်ရှိခြင်း၊ Software လိုင်စင်ကြေးပေးဆောင်ရန်မလိုအပ်ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် Microsoft Window ကဲ့သို့အလားတူသုံးစွဲနိုင်သော ကွန်ပျူတာစနစ်တစ်ခုဖြစ်သည်။

ရောင်းချပေးလျက်ရှိ

Winner Computer Group မှ Computer အသုံးပြုမှုနယ်ပယ်တွင်ကျယ်စေရန် Budget PC နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို After Sales Service နှင့် Warranty ပေး၍ရောင်းချလျက်ရှိသည်။ Training ၊Software Development ၊ Web Site Development များကိုလည်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရသည်။

Geocomp Myanmar Co.,ပြခန်းတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ပညာရေးနှင့် ပတ်သက်သော CD များ၊ Budget PCများ၊ Game CDများကို ရောင်းချပေးလျက်ရှိသည်။

Concordia Internal Co.,Ltd. ပြခန်းတွင် Fuji Xerox တံဆိပ်၊ Multi Function အသုံးပြုနိုင်သော Fax၊Scan၊Copy၊ Print Internet Fax များကို ၂၄ နာရီ Service Centre ဖွင့်ပြီး ဖြန့်ချိရောင်းချလျက်ရှိသည့်အပြင် ကွန်ပျူတာ စနစ်သုံး မြေတိုင်းတာခြင်း၊ ပုံထုတ်ခြင်း၊ စီမံကိန်းများအတွက် Land Survey ၊ Photogrammetric Survey & Plotting နှင့် Hydrographic Survey များ ဆောင်ရွက်ပေးလျက်ရှိပြီး ဂြိုဟ်တုလမ်းညွှန်စနစ်(GPS) များရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

Myanmar Electric Trust ပြခန်းတွင် e-Commerce ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မရှိမဖြစ်လိုအပ်သော Digital Certificateများအား အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးများ၊ Public Key Infrastructure (PKI) Technology နည်းပညာ၏ အလုပ်လုပ်ပုံနှင့် အသုံးပြုရာတွင် လွယ်ကူမှုများကိုပြသထားပြီး Secure e-Mail အတွက် Digital Certificate (ခေါ်) Personal ID များကို မြန်မာ့ဈေးကွက်တွင် ပထမ အကြိမ်မိတ်ဆက်ဝင်ရောက်သည့် အနေဖြင့် အထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

Prime-Boss Co., Ltd. (SHARP)ပြခန်းတွင် Sharpအမှတ်တံဆိပ် Digital Copier၊ Printer၊ Scanner for ၊ Multi-Function စက်များ၊ Projector များ၊ ကွန်ပျူတာနှင့် ချိတ်ဆက်အသုံးပြုနိုင်သော Fax များ၊ LCD နည်းပညာသုံး Monitor နှင့် TV များ၊ Calculator နှင့် Organizers များ၊ Digital ဓာတ်ပုံနှင့် Video ရိုက်နိုင်သော View-Can များ၊ ကက်ဆက်၊ စီဒီ၊ ဗီစီဒီနှင့် ဒီဗီဒီ Player စက်များ၊ Therator System များကို ပြသရောင်းချလျက်ရှိသည်။

ရက်တိုးပြသမည်

ပြပွဲကို အများပြည်သူတို့က စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသဖြင့် ဇန်နဝါရီ၃၁ရက်(စနေနေ့) အထိ ရက်တိုးမြှင့်ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် အခမ်းအနားနှင့် ပညာရည် ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) နံနက်ဂနာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက် ဗဟန်း၃လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မရတနာဂုဏ ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင် မိသားစု အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။ **(က-ပ)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေး အားနှင့်မာန်နှင့်ဆောင်ရွက်ပေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လူဦးရေ ၅၃သန်းကျော် ရှိသည့်အနက် အမျိုးသမီးများသည် နိုင်ငံတော် လူဦးရေ၏ ထက်ဝက်ကျော်အင်အားရှိသည့် အားလျော်စွာ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများ ထိရောက်ပီပြင်စွာ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ အမျိုးသမီးထုတစ်ရပ်လုံးတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့ ဖွဲ့စည်းထားရှိပါတယ်။ လုပ်ငန်းအဖွဲ့များမှာ စည်းရုံးရေး လုပ်ငန်းအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ စီးပွားရေးရာလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ဖြစ်ပါတယ်။ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့နဲ့ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ကို ဗဟိုအဆင့်၌သာ ဖွဲ့စည်းထားရှိပြီး ပြည်နယ်၊ တိုင်းများမှ ရပ်ကွက်ကျေးရွာအထိ ကျန်လုပ်ငန်းအဖွဲ့ ၁၄ဖွဲ့သာ ဖွဲ့စည်းထားရှိပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဟာ စတင်ဖွဲ့စည်းပြီးတာနဲ့ တစ်ပြိုင်နက် တိုင်းနဲ့ပြည်နယ်အသီးသီးသို့ သွားရောက်၍ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနဲ့ အဖွဲ့ဟာ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ (IBC) ၌ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များကို တွေ့ဆုံကာ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနဲ့စပ်လျဉ်းပြီး ရှင်းလင်းခြင်း၊ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခြင်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက်မှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်တဲ့အဖွဲ့ဟာ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဧရာဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များကို တွေ့ဆုံပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနဲ့စပ်လျဉ်းပြီး ရှင်းလင်းခြင်း လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသေးစိတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါအဖွဲ့သည် ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၀ရက်တွင် ငွေဆောင်ကျေးရွာ၌ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသူ ကျောင်းသားများနဲ့တွေ့ဆုံကာ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနဲ့ စပ်လျဉ်းပြီး ရှင်းလင်းခြင်း၊ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသေးစိတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်မေမေရီ ခေါင်းဆောင်တဲ့ အဖွဲ့ဟာ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၃ရက်နေ့တွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များကို တွေ့ဆုံပြီး အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဖွဲ့စည်းပုံနဲ့စပ်လျဉ်း၍ ရှင်းလင်းခြင်း၊ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသေးစိတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ခေါင်းဆောင်တဲ့ အဖွဲ့ကလဲ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များကို တွေ့ဆုံပြီး အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဖွဲ့စည်းပုံနဲ့စပ်လျဉ်းပြီး ရှင်းလင်းခြင်း၊ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အသေးစိတ် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားရာမှာ "မိမိတို့၏ အမျိုးသမီးရေးရာကော်မတီအနေဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများကွင်းဆင်းလေ့လာခဲ့ပြီး အမျိုးသမီးထုနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာကိစ္စအဝဝတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့သည်ဖြစ်ကြောင်း၊ ယခုဖွဲ့စည်းပေးလိုက်သည့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော်အတွက်ရော အမျိုးသမီးထုအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အဖွဲ့ကြီးတစ်ရပ်ဟု ဆိုနိုင်ကြောင်း၊ အဖွဲ့ချုပ်ကြီးပေါ်ပေါက်လာပြီးနောက် အမျိုးသမီးများအနေဖြင့် အဖွဲ့ဝင်အဖြစ် မိမိဆန္ဒအလျောက် လိုလိုလားလား ပါဝင်လာကြမှာ အမှန်ပင်ဖြစ်ပါကြောင်း၊ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းများမှသည် ရပ်ကွက်ကျေးရွာအထိ အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍ၁၄ဖွဲ့ ဖွဲ့စည်းထားရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ပြန့်လာပြီဖြစ်သည့်အတွက် အားလုံးပါဝင်၍ အားနှင့်မာန်နှင့်လုပ်ဆောင်ရန် လိုအပ်ကြောင်း" စသည်ဖြင့် မှာကြားသွားတာကို မှတ်သားလိုက်ရပါတယ်။

နိုင်ငံတော်အစိုးရ အနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံးဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ကျေးလက်ဒေသနေ ပြည်သူများရဲ့ ပညာရေးအဆင့်မြင့်တင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုကောင်းမွန်ရေး၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊ ကျေးလက်ဒေသ၏ စီးပွားရေးအထောက်အကူပြုလုပ်ငန်းများ တိုးတက်ရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်နဲ့

ခင်မြန်မာ

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် အခြေခံကျေးလက်နဲ့ နယ်စပ်ဒေသများအထိ သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝနဲ့ စီးပွား တိုးတက်မြင့်မားရေးတို့အတွက်လိုအပ်ချက်များ ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ငွေဆောင်ကမ်းခြေဒေသဟာ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်အတွင်းပါဝင်သော အနောက်ဘက်ကမ်းခြေ ခုနစ်အုပ်စုအနက် လေးအုပ်စုဖြင့် ဖွဲ့စည်းထားတဲ့ ကမ်းခြေဒေသတစ်ခုဖြစ်ပါတယ်။ ပုသိမ်မြို့ရဲ့ အနောက်ဘက်မိုင် ၃၀/၃ ဖာလုံအကွာဘင်္ဂလားပင်လယ်အော်အစပ်မှာ တည်ရှိပြီး ကမ်းခြေအလျား ကိုးမိုင်ခန့်ရှည်လျားကာ သာယာလှပတဲ့ ကမ်းခြေဒေသ တစ်ခုဖြစ်ပါတယ်။ ကမ်းခြေသဲအရောင် ဖြူခြင်း၊ ရေကြည်စိမ်း၍ သန့်ရှင်းခြင်း၊ သဲသောင်ပြင်ကျယ်ပြန့်၍ လှပသော ကျောက်တန်းများရှိခြင်းတို့ကြောင့် ကမ္ဘာ့အဆင့်မီ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကြီးဖြစ်လာစေရန်ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၆ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးရေးဇုန်နယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့မှာ ငွေဆောင်ကမ်းခြေ အပန်း ဖြေစခန်းကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)က ဖွင့်လှစ်ပေးခဲ့ပါတယ်။ First Phaseအဖြစ် ဇီးမှော်ချွန်းမှ ဘူးကွဲကြီးချောင်းအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိ Second Phase အတွက်လဲ ဟိုတယ် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သော အစီအမံများ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ငွေဆောင်ကျေးရွာအုပ်စုမှာ ငွေဆောင်ရွာ၊ စုစည်းကွက်သစ်၊ ဇီးမှော်ရွာ၊ မရမ်းကုန်းရွာ လေးရွာပါဝင်ပြီး အိမ်ခြေ ၆၆၄ အိမ်၊ လူဦးရေ အမျိုးသား ၁၄၅၆ ဦး၊ အမျိုးသမီး၁၄၆၂ ဦး၊ စုစုပေါင်း ၂၉၁၈ ဦး ရှိပါတယ်။ ငွေဆောင်ကမ်းခြေဒေသဖွံ့ဖြိုး တိုးတက်ရေးနဲ့ ကမ္ဘာ့အဆင့်မီ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုအဖြစ် တည်ဆောက်ရေးကို လုပ်ငန်း ကော်မတီနဲ့ ဆပ်ကော်မတီ ၁၀ခုဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။ ငွေဆောင်ကမ်းခြေဒေသမှာ နိုင်ငံပိုင်ဟိုတယ်အဖြစ် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ပိုင် ငွေဆောင်ကမ်းခြေ ဟိုတယ်တစ်ခုနှင့် အခြားပုဂ္ဂလိကပိုင် ဟိုတယ် ၁၉ခု၊ စုစုပေါင်းဟိုတယ် ၂၀ရှိပါတယ်။ ငွေဆောင်ကမ်းခြေဒေသကို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များ ဒေသအာဏာပိုင်များ မကြာခဏလာရောက်ပြီး နိုင်ငံတော်စီးပွားရေး ဦးတည်ချက်အတိုင်း ပြည်တွင်း ပြည်ပမှ အတတ်ပညာနဲ့ အရင်းအနှီးများ ဖိတ်ခေါ်ဆောင်ရွက်မှု၊ လမ်းညွှန် အားပေးမှုများကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ယုဇနကုမ္ပဏီ၊ ရွှေခရ ကုမ္ပဏီ၊ ရွှေမိသားစုကုမ္ပဏီ၊ ပုလဲနဒီကုမ္ပဏီ၊ မက်စ်မြန်မာ ကုမ္ပဏီတို့ရဲ့ ရေငန်ပုစွန်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဒီကုမ္ပဏီတွေမှာ ပုစွန်ကန်စုစုပေါင်း ၃၂၂ကန် မွေးမြူလျက်ရှိပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိစေပါတယ်။ ငွေဆောင်ကမ်းခြေဖွံ့ဖြိုးရေးဇုန်အတွင်း အေးရှားဝေါလ်ကုမ္ပဏီက 300 KVA Generator တစ်လုံး၊ 10 KVA Generator တစ်လုံး၊ စုစုပေါင်းနှစ်လုံးနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဂြိုဟ်တု ဆက်သွယ်ရေးစနစ်နဲ့ အော်တိုတယ်လီဖုန်း ၆၅လုံး တပ်ဆင်အသုံးပြုလျက် ရှိပါတယ်။ ငွေဆောင်ကျေးရွာအုပ်စုမှာ အထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း နှစ်ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး အထက်တန်း ကျောင်းမှာ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားမှုသင်ယူမှုအထောက် အကူပြုခန်းမများနဲ့ သင်ကြားပို့ချလျက်ရှိပါတယ်။ ကျန်းမာရေးကဏ္ဍအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲထားရှိပြီး ကျန်းမာရေးမှူးတစ်ဦးနဲ့ သူနာပြုတစ်ဦးစီထားရှိပါတယ်။ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေကြသော ဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ဖို့ ရေပြင်အသက်ကယ်တင်တပ်ဖွဲ့များလဲ ဖွဲ့စည်းထားရှိပါတယ်။

ငွေဆောင်ကမ်းခြေဒေသဟာ မြန်မာနိုင်ငံသားများသာမက နိုင်ငံခြားသားများပါ အပန်းဖြေအနားယူစရာ ကမ်းခြေဒေသလေးတစ်ခုဖြစ်ပြီး ဟိုတယ်များနဲ့ တိုးတက်ဖွံ့ဖြိုးလာသလို ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိခဲ့ပါတယ်။ တစ်ဖက်ကလဲ အလုပ်အကိုင် အခွင့်အလမ်းရရှိခဲ့သလို ဝင်ရောက်အလုပ်လုပ်ကိုင်နေတဲ့ အမျိုးသမီးငယ်ရွယ်လေးများအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ်သာယာပြီး အကျင့်စာရိတ္တ ယိမ်းယိုင်မသွားစေဖို့နဲ့ မိမိတို့အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းဖို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များက မှာကြားခဲ့ပါတယ်။ မြန်မာအမျိုးကောင်းသမီးလေးများ လမ်းမမှားဖို့အတွက် ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ပုသိမ်ခရီးစဉ်မှာ ထူးခြားချက်ကတော့ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်လတ်ရဲ့ တင်ပြချက်အရ ဧရာဝတီတိုင်းမှာ လူကုန်ကူးမှုဖြစ်စဉ် တစ်ကြိမ်တစ်ခါမျှ မရှိကြောင်းကို အံ့သြဝမ်းသာဖွယ်ရာ ကြားသိလိုက်ရပါတယ်။ ဒါဟာ ဧရာဝတီ တိုင်းသားတို့အတွက် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်ပါတယ်။ အခြားတိုင်းနဲ့ ပြည်နယ် အသီးသီးမှာလဲ အလားတူ လူကုန်ကူးမှုဖြစ်စဉ်များ မရှိဖို့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ ယနေ့အချိန်အခါမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူရည်တူအခွင့်အရေး အပြည့်အဝရရှိရုံသာမကဘဲ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား အစရှိသဖြင့် နယ်ပယ်စုံမှာ ထူးချွန်ထက်မြက်သော အမျိုးသမီးများအဖြစ် နိုင်ငံ့တာဝန်တွေကို အမျိုးသားများနှင့်တန်းတူ တာဝန်ထမ်းဆောင်နေကြ ပြီဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်ရှိတဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိက အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ်အဖြစ် ရောက်ရှိနေပါတယ်။ နိုင်ငံတော်က မှန်မြတ်သန့်စင်သော ရည်ရွယ်ချက်များ ချမှတ်ပြီး ဖွဲ့စည်းပေးလိုက်တဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အနေနဲ့လဲ မိမိတို့မြန်မာအမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ပြီး အားနဲ့မာန်နဲ့ ဆောင်ရွက်သွားမှာဖြစ်လို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ပါဝင်လက်တွဲကြိုးပမ်းကြဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှာ အဖွဲ့ဝင်အဖြစ် အားတက်သရော ပါဝင်ကြဖို့လဲ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့ အဖွဲ့ဝင်များလက်ခံရာမှာ အတင်းစည်းရုံးသိမ်းသွင်းပြီး ဝင်ရောက်စေခြင်းမပြုဘဲ မိမိသဘောဆန္ဒအလျောက် စိတ်ဝင်တစားဖြင့် ပါဝင်လာသူကိုသာ လက်ခံသွားမှာဖြစ်ပါတယ်။ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စိတ်ပါဝင်စားပြီး အတူလက်တွဲပူးပေါင်း ဆောင်ရွက်ကြမှသာ လုပ်ငန်းများ အောင်မြင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့ အဖွဲ့များဖွဲ့စည်းပြီး တိုင်းနဲ့ ပြည်နယ်အသီးသီးသို့ သွားရောက်ကာ ဖွဲ့စည်းပုံနဲ့စပ်လျဉ်းပြီး လုပ်ငန်းဆိုင်ရာ ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူများနဲ့ ဒေသခံပြည်သူလူထုက စိတ်ဝင်တစားဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ပေးကြပါရန်နှင့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုအောက်မှာ အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေးကို အားနဲ့မာန်နဲ့ ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

ဇန်နဝါရီ ၂၃ ရက်က ဒေါ်ရီရီမြင့် အားရည်စူး၍ ဦးသန်းလွင်နှင့်သား ပီတာလွင်မိသားစု (ဩစတြေးလျနိုင်ငံ)က ဆေးပဒေသာ ပင်အတွက် လှူဒါန်းငွေကျပ်တစ်သိန်းကို ဦးမြင့်ဆွေက ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ အသင်းရုံးသို့ လာရောက်လှူဒါန်းရာ အတွင်းရေးမှူး အဖွဲ့ဝင် ဦးသိန်းဝင်း လက်ခံရယူစဉ်။ (က-ပ)

တံတားဦးမြို့နယ်၌ ခြောက်လမ်းသွားပန်းဆေးတံတားကြီးဖွင့်လှစ်

ရန်ကုန်-မန္တလေးလမ်းမကြီး ပလိပ်မြို့ဘက်မှ လေဆိပ်သို့ကွေ့သွားစရာမလိုဘဲ တိုက်ရိုက်သွားလာနိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်းပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် ပန်းဆေးတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး တံတား၏မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း တံတားဦးမြို့နယ် ပန်းဆေးတံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တံတားဖွင့်ပွဲတက်ရောက်

ပန်းဆေးတံတားဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ စည်တော်အဖွဲ့၊ ဆင်အကအဖွဲ့နှင့် ဒေသခံပြည်သူများ အင်အား ၇၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ပန်းဆေး တံတားသည် စစ်ကိုင်းအင်းဝတံတားကြီးမှ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုသွားသော ခြောက်လမ်းသွား ကားလမ်းမပေါ်မှာရှိသည့် တံတားတစ်စင်းဖြစ်ကြောင်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေပြီး မန္တလေး-စစ်ကိုင်းကို သွားသည့် အဓိကခြောက်လမ်းသွား လမ်းမကြီး နှစ်ခုရှိကြောင်း၊ လမ်းမကြီးတစ်ခုမှာ ပလိပ်မြို့ မြစ်ငယ်မှတစ်ဆင့်သွားသော လမ်းဖြစ်ကြောင်း၊ နောက်လမ်းမကြီးတစ်ခုမှာ တံတားဦးမြို့ကို ရှောင်ကွင်းပြီး အင်းဝတံတားကို တိုက်ရိုက်ပေါက်သည့် လမ်းဖြစ်ကြောင်း၊ ပန်းဆေးတံတားသည် အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းမှ အင်းဝတံတားကို တိုက်ရိုက်ပေါက်သည့် လမ်းပေါ်မှာရှိကြောင်း။

ဤလမ်းပေါ်မှာ ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကျော်ရမည့်တံတားနှင့် ပန်းဆေးချောင်းကို ဖြတ်ကျော်ရမည့်တံတား တံတားနှစ်စင်းရှိကြောင်း၊ ဒုဋ္ဌဝတီမြစ်ကူးတံတားကို၁၉၉၉ခုနှစ် ဇန်နဝါရီ ၂၆ ရက်၌ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခု ပန်းဆေးတံတားကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း။

တိုက်ရိုက်သွားလာနိုင်

ဤပန်းဆေးတံတားကို တည်ဆောက်ပြီးစီးပြီ ဖြစ်သည့်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ် ဒုတိယ အဝင်လမ်းအဖြစ် လမ်းကြောင်းပွင့်သွားပြီဖြစ်ကြောင်း၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ အမရပူရမှ လေယာဉ်ခရီးသည်များအနေဖြင့် မန္တလေး-ရန်ကုန်လမ်းမကြီး၊ မြစ်ငယ် ပလိပ်မြို့ဘက်မှ ဝင်သည့် လမ်းကြောင်းကြီးအတိုင်း ကွေ့ ပတ်သွားစရာ မလိုတော့ဘဲ လေဆိပ်ကို တိုက်ရိုက်လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းဘက်မှ လေယာဉ်စီးခရီးသည်များ အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပန်းဆေး တံတားကိုဖြတ်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကို အချိန်တိုအတွင်း သွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

တပ်မတော်အစိုးရ စတင်တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ်မှ ယခုအချိန်အထိ ပန်းဆေးတံတားအပါအဝင် ပေ ၁၈၀အထက်တံတားကြီးပေါင်း ၁၆၆ စင်းတည်ဆောက်ပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းအတွင်းမှာဆိုလျှင် ခုနစ်စင်းမြောက်တံတားဖြစ်ကြောင်း၊ ဆက်လက်ပြီး မန္တလေးတိုင်းအတွင်းမှာ တံတားများအနေဖြင့်ကြည့်လျှင် ဇော်ဂျီမြစ်ကူးတံတား၊ဒုဋ္ဌဝတီမြစ်ကူးတံတား၊ ပန်းလောင်(ခြောက်လမ်းသွား)တံတား၊ စမုံပေါက်တံတား၊ တံငါ တံတားနှင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပန်းဆေး တံတားတို့မှာ ထင်ရှားသည့် တံတားကြီးများဖြစ်ကြောင်း၊ ဧရာဝတီတံတား (ရတနာပုံ)ကိုလည်း ဆက်လက် တည်ဆောက်နေသည်ကို တွေ့ရမှာ ဖြစ်ကြောင်း။

အားကိုးမာန်တက်တည်ဆောက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လုပ်ငန်းများကို ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အတတ်ပညာကို အခြေခံပြီး တစ်ခုပြီးတစ်ခု တည်ဆောက်စေခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ကွင်းအသစ်များဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းဟောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ မော်တော်ကားလမ်းများနှင့် ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူး ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်ခံတံတားများတည်ဆောက်ခြင်းစသော လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့် အညီ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် အားကိုးမာန်တက်တီထွင်ကြံဆတည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

အသစ်ဖောက်လုပ်နေသည့် မော်တော်ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများ တည်ဆောက်နေသော တံတားများ၏ အနေအထားကို သုံးသပ်ကြည့်လျှင် မဖွံ့ဖြိုးမတိုးတက်သေးသည့် ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၊ တိုင်းတစ်ခုနှင့် တစ်ခုအကြား သွားလာမှု လွယ်ကူသွက်လက်လာရေးတို့အတွက် ဦးတည်ဆောင်ရွက်ထားသည်များကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်း ပထဝီအနေအထားအရ တောင်မြောက်ဒေါင်လိုက် တည်ရှိနေသော လမ်းများကို ပိုမိုချောမွေ့အောင် တိုးချဲ့ပြုပြင်သည်သာမက အရှေ့အနောက်အလျားလိုက် သွားလာမှုကိုပါ လွယ်ကူချောမွေ့လာစေရန် လမ်းသစ်များတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း၊ မြန်မာပြည် မြောက်ဖျား ပူတာအိုမှ မြစ်ကြီးနား-မန္တလေး-ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းအထိ သွားလာနိုင်သော လမ်းမကြီးပေါ်ထွက်လာနေပြီဖြစ်သကဲ့သို့ မြစ်ကြီးနားမှ ထားဝယ်အထိ ရထားလမ်းပေါက်နေပြီဖြစ်ကြောင်း။

လက်တွဲပူးပေါင်း

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့သည်နှင့် တစ်ပြိုင်နက် ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ပြီး ဒေသ၏စီးပွားတိုးတက်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ လမ်းမကြီးများ၊ တံတားကြီးများ ပေါ်ထွန်းလာမှုနှင့်အတူ ပြည်ထောင်စုကြီး နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ရှိလာပြီဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ လက်တွဲပူးပေါင်းစွမ်းဆောင်ပေးနိုင်ကြစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတား တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုအတွက် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် တံတားဖွင့်ပွဲကျင်းပမည့် တံတားထိပ်မုခ်ဦးရှေ့သို့ သွားရောက် နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ ပန်းဆေးတံတားကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ခလုတ်နှိပ်၍ ပန်းဆေးတံတား မင်္ဂလာကမ္ပည်းမော်ကွန်း ကျောက်စာကို ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပန်းဆေးတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်းပေါ်ရှိ ပန်းဆေးတံတားသည် အရှည်ပေ ၂၀၀၊ ယာဉ်သွား လမ်းအကျယ် ၇၂ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ခြောက်ပေစီ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၈၀၊ အမြင့် ၁၀ပေ၊ တံတားအမျိုးအစားမှာ အပေါ်သံထည်ကွန်ကရစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ်၊ အုတ်မြစ်မှာ ၁၄လက်မ x ၁၄လက်မ သံကူကွန်ကရစ်ပိုင်အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း၏ ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)



မန္တလေးတိုင်း တံတားဦး မြို့နယ်ရှိ ပန်းဆေးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဥက္ကလာပစေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

တောင်ဥက္ကလာပ မြို့နယ် ဥက္ကလာပစေတီတော်(၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်ဖြစ်ရာ သံဃာ့ပူဇာအဖြစ် ဆွမ်းဆန်တော်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၃၁ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မဟာမုနိဓမ္မာရုံကြီး၌ မြို့နယ်အတွင်းရှိ စာသင်တိုက် ၁၇တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်း၊သီလရှင်ကျောင်း တစ်ကျောင်း တို့အား ဆွမ်းဆန်တော် လှူဒါန်းပြီး ဖေဖော်ဝါရီ၁ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်၌ မြတ်စွာဘုရားအမှူးပြုသော ရဟန္တာမြတ်နှစ်ပါး၊ စေတီတော်ဓါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော်ရှစ်ပါး၊ ကျောင်းထိုင်ဆရာတော် ၁၆၁ပါး စုစုပေါင်း၁၇၂ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဥပစာခန်းမ၌ ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင်(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ အလံတင် အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီ၊ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ်သင်္ကေတများ စိုက်ထူရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆပ်ကော်မတီအသီးသီး၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✩ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✩ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ✩ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✩ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ✩ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အခွန်ဦးစီးဌာနမှူးများ လုပ်ငန်းဆိုင်ရာသင်တန်းဖွင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းဆိုင်ရာ သင်တန်း အမှတ်စဉ်(၂၄)သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားရာ၌ သင်တန်းသားများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းပိုင်းတွေကို လက်တွေ့ဆောင်ရွက်ပုံနည်းလမ်းများ သင်ကြားပို့ချမည် ဖြစ်၍ ကြိုးစားလိုက်နာ မှတ်သားရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် ကျရာတာဝန်အလိုက် ညီညီညွတ်ညွတ်ဖြင့် အဂတိတရားများ ကင်းရှင်းစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ၄၉ လမ်းရှိ အကောက်ခွန်သင်တန်းကျောင်းတွင်ကျင်းပသော ဇန်နဝါရီ ၂၆ ရက်၌ ကျရောက်သည့် အကောက်ခွန်နေ့ အခမ်းအနားသို့ တက်ရောက်ကာ အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းဆိုင်ရာ၌ ထိုက်သင့်သော ချီးမြှင့်မှုနှင့်အတူ မှတ်တမ်းတင်ခံရသော ဝန်ထမ်းများအား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လည်းကောင်း၊ (၁၀)ကြိမ်နှင့်အထက် သွေးလှူဒါန်းသူ ဝန်ထမ်းများနှင့် အကောက်ခွန်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိသူများအား ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လည်းကောင်း၊ အားကစားဆိုင်ရာ ဂုဏ်ပြုချီးမြှင့်မှတ်တမ်းတင်ခံရသော ဝန်ထမ်းများ၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စာမေးပွဲ၌ ဆုရရှိသူ ဝန်ထမ်းများ၊ ဌာနခွဲအလိုက် အကောင်းဆုံးဆောင်ရွက်သော ဝန်ထမ်းများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး)သင်တန်းတွင် သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများမှ အဆင့်မြင့်တန်းစာမေးပွဲ ဂုဏ်ထူးရရှိသူများကို ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်း ကလည်းကောင်း၊ ဝန်ထမ်း သားသမီးများမှ အခြေခံပညာအထက်တန်းစာမေးပွဲ ဂုဏ်ထူးရရှိသူများ၊ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွင်း အထက်တန်းပညာသင်ဆု ချီးမြှင့်ခံရသူများကို ဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရ ဦးသိန်းထွန်းတင် ကလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးဆင်းတုတော်နှင့် ကျောက်ဆင်းတုတော်များ ဝယ်ယူလှူဒါန်းပူဇော်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

မဟာမုနိ၊ လာဘမုနိ၊ ဈာနမုနိ၊ အလိုတော်ပြည့် ဓမ္မစကြာ ဗောဓိမုဒြာစုံလင်စွာဖြင့် မန္တလေးမြို့ နိုင်ငံကျော် ကြေးခတ်ပညာရှင်များနှင့် ကျောက်ဆစ်ပညာရှင်တို့၏ မြန်မာမှုလက်ရာမွန် ကြေးဆင်းတုတော်နှင့် ကျောက်ဆင်းတုတော် ဘုရားဉာဏ်တော်မျိုးစုံနှင့် ဘုရားပလ္လင်၊ တရားဟောပလ္လင် အမျိုးမျိုးတို့ကို သမ္မတနိဗ္ဗာန်ကုန်ဆိုင် အမှတ် ၁၅၆ ရွှေဂုံတိုင်လမ်း ရွှေဂုံတိုင် မီးပွိုင့်အနီး ဗဟန်းမြို့နယ် ရန်ကုန် ဖုန်း-၅၄၃၂၈၂၊ ၅၄၃၂၀၆ တို့သို့ ဆက်သွယ်၍ မန္တလေးဈေးနှုန်းအတိုင်း ဝယ်ယူပူဇော်နိုင်ပြီး ကျောင်း၊ အိမ်၊ ကား၊ရထား၊ သင်္ဘောဆိပ်များသို့ အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဘုရားဖူးဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကကြီးမှူး ကျင်းပသော (၇၂) ကြိမ်မြောက် ဝိနည်း စာတော်ပြန်ပွဲ ဆုနှင်းသဘင် အကြိုတရားပွဲများ အဖြစ် ဇန်နဝါရီ ၃၁ရက် (စနေနေ့)တွင် ထီလာ အရှင်သုန္ဒရ (မဟာစည်)က လည်းကောင်း၊ ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့)တွင် ညောင်ကန်အေး ဆရာတော် ဦးဣန္ဒက (မဟာစည်)က လည်းကောင်း၊ ဖေဖော်ဝါရီ၇ရက် (စနေနေ့) တွင် တိပိဋက ယောဆရာတော်အရှင်သီရိန္ဒာဘိဝံသ က လည်းကောင်း၊ ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့)တွင် ပါဠိကာရိ ဘဒ္ဒန္တ အင်္ဂိရသ က လည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း ညစဉ် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရွှေဘုန်းပွင့်စေတီ နှမ်းမနဲကပ်လှူမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်လှူဒါန်းမြဲဖြစ်သည့် နှမ်းမနဲထိုးပွဲနှင့် အလှူပွဲကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်၍ ယင်းနေ့ညနေ ၃ နာရီမှစတင်၍ ဧည့်သည်တော်များနှင့် ဘုရားဖူးလာကုသိုလ်ရှင်များအား စတုဒိသာကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ နှမ်းမနဲတစ်ဒယ်လျှင် ကျပ်ခြောက်ထောင်နှုန်းဖြင့်လည်းကောင်း၊ တစ်နိုင်အလှူငွေဖြင့်လည်းကောင်း ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။	မျိုးချစ်တပ်မတော်
၄:၄၀	၇။	ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(မြန်မာစာ) (ခ)တတိယနှစ်(ပထဝီဝင်)
၅:၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"**(အပိုင်း-၂)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၆)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ဇန်နဝါရီ ၂၂ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးလျက် အခြေခံပညာအထက်တန်း သုံးကျောင်းနှင့် အလယ်တန်းကျောင်းနှစ်ကျောင်းတို့ရှိ ကျောင်းသားကျောင်းသူ ၅၀ အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် ကျောင်းရန်ပုံငွေကျပ် တစ်သိန်း လှူဒါန်းပွဲ ကျင်းပစဉ်။

(က-ပ)

ဇန်နဝါရီ ၂၅ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း(၉/၂၀၀၃)မှ သင်တန်းသားများဦးစီးသောမြန်မာ့စိတ်ရင်း လူမှုရေးကူညီမှုအသင်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွက် ငွေကျပ် ငါးသောင်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှသိန်းကလက်ခံရယူစဉ်။(က-ပ)

ကရာတေးဒိုနည်းပြသင်တန်း (၁/၂၀၀၄)ဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကျင်းပသော ကရာတေးဒိုနည်းပြသင်တန်း (၁/၂၀၀၄)ဆင်းပွဲကို ဇန်နဝါရီ ၂၄ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင်ဟောင်း ဒေါက်တာရဲနိုင်ဝင်းက အမှာစကားပြောကြားပြီး နည်းပြများအား တစ်ဦးချင်း သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် သင်တန်းဆင်းနည်းပြဆရာဆရာမများက မိမိတို့ဒေသအတွင်း ကရာတေးဒိုအားကစားနည်း တိုးတက်ပြန့်ပွားရေး အကျယ်တဝင့် ဆွေးနွေးကြပြီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်းက လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြန်လည်ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀က စတင်ခဲ့သောဘိန်းစိုက်ပျိုးမှု ၂၀၀၂ခုနှစ်မှစ၍ မျိုးစေ့ပါမကျန် ရှင်းလင်းနိုင်ခဲ့ကြောင်း ဝန်ကြီးများနှင့်သံအမတ်ကြီးများအား ဦးဖုန်ကြားရှင် ရှင်းလင်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၇

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့သည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် မူးယစ်ဗဟိုရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ချက်များလေ့လာရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းများသို့ ဇန်နဝါရီ ၂၃ ရက်မှစ၍ သွားရောက်လေ့လာကြရာ ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် လားရှိုးအရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘိန်းအစားထိုး ကော်ဖီစိုက်ပျိုးရေးခြံနှင့် ဘိန်းအစားထိုး ကြက်အကောင် ၁၃၆၀၀ မွေးမြူထားရှိမှု အခြေအနေများကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မျိုးစပ်စပါးထုတ်လုပ်ခြင်းနှင့် အထူးအထွက်တိုး နွေစပါးစိုက်ပျိုးထားမှုများ၊ အထွက်တိုးစပါး၊ မြေပဲ၊ ပဲပုပ်၊ နေကြာ၊ ပဲစင်းငုံ၊ ကော်ဖီနှင့် ဂျုံဧက ၁၀၀၀ စံပြစိုက်ခင်း စီမံကိန်းလုပ်ငန်းများ၊ ဇီဝမြေဩဇာ စက်ရုံနှင့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် လားရှိုးမှထွက်ခွာရာ လောက်ကိုင်သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။ လောက်ကိုင်မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက် ရှင်းလင်းဆောင်၌ ကိုးကန့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်က ရှင်းလင်းပြောကြားရာတွင် ဤဒေသတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ခန့်က စတင်ခဲ့သည့် ဘိန်းစိုက်ပျိုးမှု အလေ့အထကို ၂၀၀၂ခုနှစ်မှစ၍ မျိုးစေ့ပါမကျန် ရှင်းလင်းနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် လောက်ကိုင်ဆေးရုံကို အားပြုနေရကြောင်း၊ ပညာရေးကဏ္ဍတွင် စာသင်ကျောင်း ၁၂၅ ကျောင်း၌ ကျောင်းသားဦးရေ ၁၀၀၀၀ ကျော်တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ မူးယစ်ဆေးစွဲရောဂါကုသရေး၊ ရေ၊ မီး ရရှိရေး၊ စည်ပင်သာယာရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးစသည့် လုပ်ငန်းများကို ငွေကြေးအမြောက်အမြားအကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း၊ ဘိန်းအစားထိုး ဝင်ငွေရရှိစေရေးအတွက် လောက်ကိုင်မြို့နှင့် ခြောက်မိုင်အကွာတွင် ဧက ၁၀၀၀ စိုက်ပျိုးရေးခြံတစ်ခု တည်ဆောက်နိုင်ခဲ့ပြီး အခြားနေရာများတွင်လည်း အလားတူ စိုက်ခင်းများ ထူထောင်ပေးခဲ့ကြောင်း၊ ထို့အပြင် ၂၀၀၃ ခုနှစ်တွင် ကြံဧက ၂၅၀၀ ကို ထပ်မံတိုးချဲ့စိုက်ပျိုးခဲ့ကြောင်း၊ ကိုးကန့်ဒေသကို တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကုလသမဂ္ဂတို့မှ ထောက်ပံ့ကူညီမှုများ ရှိခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်တွင်နိုင်ငံတော်အစိုးရက ဆန်အိတ် ၅၀၀၀ နှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ နွေစပါး၊ မိုးစပါးအပြင် အခြားသီးနှံများကိုလည်း ထောက်ပံ့ပေးခဲ့သဖြင့် ပြည်သူများကို အညီအမျှခွဲဝေပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဂျပန်အစိုးရ၏ ပံ့ပိုးမှုဖြင့် ကိုးကန့်ဒေသရှိ ရွာသုံးရွာကို လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်သည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ခဲ့ကြောင်း၊ လောက်ကိုင်နှင့် တာရှေထန်ကြားလမ်းမိုင်၁၀မိုင်ကို ကတ္တရာခင်းပေးနိုင်ခဲ့ကြောင်း၊ ကိုးကန့်ဒေသတွင် ကြက်ခြံနှစ်ခြံ၌ ကြက်ကောင်ရေ တစ်သိန်းနှစ်သောင်း၊ ဝက်ကောင်ရေ နှစ်ထောင်နှင့်နွား၁၀ကောင်တို့ကို မွေးမြူထားပြီးဖြစ်ကြောင်း၊ ကိုးကန့်ဒေသဖွံ့ဖြိုးမှုမှာ အခြေခံအဆင့်တွင်ရှိသဖြင့် နိုင်ငံတကာမှ အကူအညီများပေးရန် လိုကြောင်းနှင့် မိမိတို့ဒေသ၌ မူးယစ်ဆေးဝါး လုံးဝပပျောက်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ကိုးကန့်ဒေသအပါအဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်လိုက်ပြီဖြစ်သည့် ကိုးကန့်ပြည်သူများကို နိုင်ငံတကာ အသိုင်းအဝိုင်းက ပံ့ပိုးကူညီရန် လိုအပ်နေပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်မှု

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဖွဲ့သည် လောက်ကိုင်မြို့အနီးရှိ ဘိန်းအစားထိုးစိုက်ခင်းစီမံကိန်းလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး လောက်ကိုင်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီတွင် လားရှိုးသို့ ပြန်လည်ရောက်ရှိကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘိန်းအစားထိုး ကော်ဖီစိုက်ပျိုးရေးခြံတွင် တာဝန်ရှိသူများက ရှင်းလင်းပြသနေစဉ်။ (မူးယစ်ဗဟို)

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် လားရှိုးမှ ဆက်လက်ထွက်ခွာကြရာ ညနေ၃နာရီခွဲတွင် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

လုပ်ငန်းခွင်

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေ၄နာရီ၄၅မိနစ်တွင် ပြင်ဦးလွင်သို့ ရောက်ရှိကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မုန်းချောင်းရေလှောင်တမံ စီမံကိန်းတွင် ကြည့်ရှုကြစဉ်။ (မူးယစ်ဗဟို)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များ၊ မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်မှ ထွက်ခွာကြရာ မကွေးတိုင်း စလင်းမြို့နယ်ရှိ တညောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။ ရှင်းလင်းဆောင်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က ရှင်းလင်းပြောကြားသည်။

မုန်းချောင်းတမံ

ထို့နောက် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တညောင်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် တွက်ခွာခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။ စီမံကိန်းရှင်းလင်းဆောင်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရှင်းလင်းတင်ပြရာတွင် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ရှိပြီး စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ မိုးစပါးစိုက်ပျိုးရာတွင် ဆည်ရေလုံလုံလောက်လောက် ထပ်မံဖြည့်ဆည်းပေးနိုင်ရေး၊ နွေစပါးနှင့် အခြားသီးနှံများ သီးထပ်စိုက်ပျိုးရာတွင် ဆည်ရေပေးဝေနိုင်ရေး၊ မုန်းချောင်းရေကြီးမှု လျော့ပါးစေရေးနှင့် နှစ်စဉ်ရေအားလျှပ်စစ်ထုတ်လုပ်မှု ၃၃၀ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်ဝေပေးနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရောက်ရှိ

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဖွဲ့သည် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မင်းဘူးရေနံမြေသို့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။ ဆက်လက်၍ ဧရာဝတီတံတား(မကွေး)သို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး မကွေးလေဆိပ်မှ မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၅ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၈ ရက်က ကျောက်ဖြူအသင်း(ရန်ကုန်မြို့) နှစ်ပတ်လည်စည်းဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဘရွှေက ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံး ပထမထူးချွန်စွာ အောင်မြင်သူ ကျောက်ဖြူခရိုင်(လေးတောင်)ရေပ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထွန်းမင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၇

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်ဂေါက်ကလပ် ဒညင်းကုန်း၌ ကျင်းပရာ Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများ သတ်မှတ်ထားသည့် တီခုံ(၁)(1st Tee)၌ နေရာယူကြပြီး Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ Gold UNI Co.,Ltd.မှ Executive Director Mr. Pitak Chaiprasit၊ Xie Family Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်၊ Y.G.C အမှုဆောင် ဦးမောင်မောင်မြင့်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် စိုးဝင်းထက်(Srixon)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ၇၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ပံ့ပိုးကူညီ

နန္ဒကျော် (Y.C.D.C) က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဒုတိယ၊ စိုးကျော်နိုင်(Pan-West)က ၇၂ ချက်ဖြင့် တတိယလိုက်ပြီး ဝင်းထွေးလှိုင်(Srixon)၊ သန့်စင်(မန္တလေး)၊ အောင်ဝင်း(Y.C.D.C)၊ ထိန်ဝင်း(KM Golf Centre)၊ ကျော်စွာလင်း(Ping)၊ မင်းနိုင်(Srixon)တို့က ၇၃ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲကို Gold UNI Jewellery Co.,Ltd.နှင့် Xie Familyတို့နှင့်အတူ Imperial Jade Purified Drinking Water တို့က ပံ့ပိုးကူညီကြသည်။

ဒုတိယနေ့ (၁၈) ကျင်း ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် ယင်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွင့်လှစ်

Myanmar PGAနှင့်MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် Gold Uni Golf Classicဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင်ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

Brooklyn, New York နေ
ဦးကြီးစိုး-ဒေါ်တင်တင်ဦးတို့၏ တစ်ဦးတည်းသောသား
မောင်ကြည်ဇင် B.Sc(Computer Science)
(New York Institute of Technology)
နှင့်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ ခြံအမှတ် ၂၉နေ
ဦးထွန်းနိုင်-ဒေါ်ခင်အေးကြည်တို့၏တစ်ဦးတည်းသောသမီး
မခိုင်သဇင်ထွန်း B.Sc(Physics,Hons)D.A
Accounts Executive (Full Moon Services Ltd.)

တို့၏ ၄-၁-၂၀၀၄ ရက်တွင် Summit Parkview Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီးဒေါ်ခင်ဝင်းအား လည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့်ဇနီး ဒေါ်စောမြအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၁-၂၀၀၄ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီးဒေါ်ခင်ဝင်းအား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မဟေမာန်အေး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော စိုးစန္ဒာထွန်း၊ Lucky Hand တေးဂီတအဖွဲ့၊ ပန်းအလှဆင်ပေးသော Sandy Floral Service၊ မိတ်ကပ်အောင်အောင်နှင့်အဖွဲ့၊ ဓာတ်ပုံ ဗီဒီယိုစိုင်းဘုန်းထူးနှင့်အဖွဲ့၊ Summit Parkview Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲပြီးပြည့်စုံသည်အထိ ကူညီပေးကြသော ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ကြည်ဇင်-မခိုင်သဇင်ထွန်း။



ပါရမီစာပေ အမှတ် ၂၃၀ ၂၉လမ်း ရန်ကုန် ဖုန်း-၂၅၃၂၄၆ က ထုတ်ဝေထားသည့် ပန်းဒကာ ကိုတင်မြင့် ရေးသားသော "လူနှင့်ဘာသာတရား ဘာသာတရားနှင့်လူ" စာအုပ်မျက်နှာဖုံး။
(က-ပ)

ရောင်းမည်

၁။ ၂၆လမ်း၊ တိုက်သစ်(ငါးလွှာ)၊ ၁၂ပေခွဲ X ပေ၅၀တိုက်ခန်း။
၂။ မြောက်ဒဂုံ(၄၅)ရပ်ကွက်၊ ပေ၄၀ X ပေ၆၀၊ သုံးကွက်တွဲထောင့်ကွက်။
ဆက်သွယ်ရန်-
နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း။
ဖုန်း-၅၀၀၃၆၁

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် အ/၉၆၂၃ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ထ/၅၂၁၆ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

● **လူသားမှ**

လင်းပိုင်မှာမူ သွေးနွေးနို့တိုက်သတ္တဝါဖြစ်၍ မိမိဦးခေါင်းအပေါ်ဘက် လေရှူပေါက်မှနေ၍ လေထဲမှ အောက်ဆီဂျင်ကို ကုန်းသတ္တဝါများကဲ့သို့ တိုက်ရိုက် ရှူသွင်းသည်။ သို့သော်လည်း ကုန်းပေါ်မှာ အမြဲမနေနိုင်ပေ။ လင်းပိုင်၏အရေပြားနှင့်ကြွက်သားကြားတွင် အဆီပြင်လွှာရှိနေပြီ ရာသီဥတု၊ နေရာဒေသကိုလိုက်၍ အဆီပြင်အထူအပါး ကွာခြားလေ့ရှိသည်။ ထို့ကြောင့် ပတ်ဝန်းကျင်စိုစွတ်၍ အေးနေရန်လိုအပ်ပေသည်။ ရေထဲတွင် နေသကဲ့သို့ ထားနိုင်ရန်လိုအပ်ပေမည်။ လင်းပိုင်များသည် ရေပေါ်သို့တက်၍ အသက်ဝအောင်ရှူလေ့ရှိသည်။ နာမကျန်းဖြစ်လျှင် ပို၍အသက်ရှူသွင်းကြသည်။ ရေအောက်တွင် အစာရှာဖွေစားသောက်ပြီး ရေပေါ်တက်၍ အသက်အဝရှူရသည်။ ရေအောက်တွင် ၁၅မိနစ်မှ မိနစ် ၂၀အထိ ကြာမြင့်စွာ ရှာဖွေစားသောက်နေနိုင်သော်လည်း အချိန်ကြာမြင့်စွာရေအောက်တွင်မနေနိုင်ပေ။

ရေနေသွေးနွေး နို့တိုက်သတ္တဝါထဲတွင် လင်းပိုင်သည် လူနှင့် ရင်းနှီးအကျွမ်းဝင်ဆုံး သတ္တဝါဖြစ်ပေသည်။ လူကိုရန်မရှာတတ်၊ ကယ်တင်တတ်သည်။ယဉ်ပါးလွယ်သည်။ သံယောဇဉ်ကြီးသည်။ ပျော်တတ်သည်။မှတ်ဉာဏ်ကောင်းသည်။

အထက်အောက်

လင်းပိုင်သည် ငါးမန်းကဲ့သို့ ကူးခတ်သည့်အခါ အမြီးကိုဘယ်ညာမခတ်ဘဲ ရေပြင်အလိုက် အမြီးကို အထက်အောက်ခတ်၍ကူးလေ့ရှိသည်။

ငါးမန်းတို့သည် ဒဏ်ရာရထားသော သွေးညှီနံ့ကို ကီလိုမီတာ၃၀မှ ၅၀အကွာအဝေးမှ အနံ့ခံနိုင်ပြီး အစာရှိရာလာရောက်ဖမ်းယူနိုင်သည်။

လင်းပိုင်မှာမူ ဦးခေါင်းပိုင်းနှုတ်သီး၏အထက်ပိုင်းအသက်ရှူသော အပေါက်နှင့် မျက်လုံးအထက်နားဦးခေါင်းခုံးမှ အသံလှိုင်းတစ်ခုထုတ်ပြီး အောက်မေးရိုးမှ ပြန်လာသော အသံလှိုင်းကို ခံစား၍ သတ္တု၊ သစ်သား၊ ကျောက်တုံး၊ အမာအပျော့ ခွဲခြားသိနိုင်သည်။ သဲထဲတွင် ဖုံးနေသော အစာကိုလည်း ခွဲခြားသိနိုင်ပြီး အလွယ်တကူ ဖမ်းယူကာမဝါးဘဲ မျိုချစားသောက်ကြသည်။

လင်းပိုင်များကို မြန်မာ့ပင်လယ်ပြင်တွင်လည်း အမြောက်အမြားတွေ့ရှိနိုင်သည်။ တနင်္သာရီတိုင်း မြိတ်ကျွန်းစုဒေသများတွင် တွေ့ရှိနိုင်သဖြင့် (Shambhala)ကုမ္ပဏီမှ ဒေါက်တာဖုန်းဝင်းသည် လင်းပိုင်ပညာရှင် Jin Styersအဖွဲ့အား ဦးဆောင်၍ မြိတ်ကျွန်းစုဒေသတွင် "Swim With The Dolphins"(လင်းပိုင်နှင့်အတူရေကူးခြင်း) လုပ်ငန်းကို ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

လင်းပိုင်မွေးမြူခြင်းကို တနင်္သာရီတိုင်း ကော့သောင်းမြို့ သူဌေးကျွန်းအနီး ဆလုံကျွန်း၌ စမ်းသပ်အကောင်အထည်ဖော်ထားသည်။ လင်းပိုင်များ နေထိုင်ရန် သဘာဝပင်လယ်ရေကို ရေစစ်ကန်မှ သန့်စင်ပြီး ရေကို ၂၄ နာရီ လည်ပတ်သန့်စင်ပေးထားသော ကန်နှစ်ကန်ဖြင့် မွေးမြူထားပေသည်။ လင်းပိုင်ကို (၁)Bottlemose Dolphin၊ (၂) Indo-Picific Hump-Backet Dolphin၊ (၃)Irrawaddy Dolphin ဟူ၍ သုံးမျိုးရှိရာ ဆလုံကျွန်းတွင် (Shambhala)ကုမ္ပဏီမှ Bottlemose Dolphinအမျိုးအစား အထီးလေး သုံးကောင် မွေးထားသည်။ ကုမ္ပဏီမှဒေါက်တာရဲမင်းဦး B.V.S၏ ရှင်းပြချက် လင်းပိုင်များကို ခန္ဓာကိုယ်အလျားတိုင်းခြင်း၊ လစဉ်အလေးချိန်ခြင်း၊ သွေးစစ်ခြင်းများဖြင့် လင်းပိုင်များ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရခြင်းနှင့် လင်းပိုင်များကို လိမ္မာယဉ်ပါးအောင် ကိုယ်လက်အမူအရာ (Hand Signal) ဖြင့် လေ့ကျင့်သင်ကြား ပြသထားရာ လင်းပိုင်များအား ဘောလုံးယူခိုင်းခြင်း၊ လေထဲသို့ ခုန်ပျံခြင်းများ ပြသနိုင်ပြီဖြစ်သည်။

လင်းပိုင်များကို လေ့ကျင့်ရာတွင် နှုတ်မှစကားပြော၍ သင်ကြားခြင်းမပြုဘဲ လက်အမူအရာများဖြင့်သာ သင်ကြားသည်။ အရိုးနည်းသော ငါးကလေးများကျွေး၍ သင်ကြားလေ့ကျင့်ပေးရသည်။ အစာကျွေး၍ ရှစ်ကြိမ်ထိ လေ့ကျင့်သင်ကြားရာ အနည်းဆုံး လေးကြိမ်မှ ခုနစ်ကြိမ် မရောက်မီ သင်ယူတတ်မြောက်ကြသည်။

လျင်မြန်စွာတတ်မြောက်

တစ်ခါတစ်ရံ အကောင်ကြီးမှ အကောင်ငယ်ကို ကိုက်တတ်သဖြင့် ၎င်းကိုက်တတ်သော အကောင်အား သီးခြားခွဲထားပြီး အချိန်အနည်းငယ်ပစ်ထားလျှင် ခင်တွယ်စရာ လင်းပိုင်အဖော်မရှိသဖြင့် အစာကျွေးသော လူကိုသာ ပိုမိုခင်တွယ်လာ၍ သင်ကြားသမျှ လျင်မြန်စွာ တတ်မြောက်နိုင်ပေသည်။

ဆလုံကျွန်းရှိ လင်းပိုင်များအား သင်ကြားလေ့ကျင့်ပေးမှုမှာ အောင်မြင်နေရာ မြိတ်ကျွန်းစုဒေသဖွံ့ဖြိုးရေးအတွက် သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ ဆွဲဆောင်မှုတစ်ခုအဖြစ် အောင်မြင်လာမည်ဖြစ်သည်။

လေ့လာနိုင်ကြမည်

၎င်းအပြင် အခြေခံကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အတွက်လိုအပ်သော အပန်းဖြေဟိုတယ်များ၊ ရေယာဉ်ရပ်နားရန်နေရာ၊ ပင်လယ်ကျွန်းစုများ၏ သဘာဝအလှကိုခံစားနိုင်ခြင်း၊ ထူးခြားသောအရသာရှိသည့် ပင်လယ်စာများကိုစားသောက်နိုင်ခြင်း၊ အပန်းဖြေနိုင်ခြင်းတို့ဖြင့် ဆလုံကျွန်းသည် ကမ္ဘာလှည့်ခရီးသွားတို့ စိတ်ဝင်စားစရာနေရာတစ်ခုဖြစ်လာနိုင်ပြီး လူသားကမ္ဘာနှင့်ရင်းနှီးသော လင်းပိုင်လေးများ၏ဘဝကို လေ့လာနိုင်ကြမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ကျိုက်ထီးရိုးတောင်ရှိဈေးဆိုင်ခန်းများမီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၇ရက် နံနက် ၂နာရီခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးရင်ပြင်တော်နှင့် မုဆိုးတောင်အကြားရှိ ဈေးဆိုင်ခန်းများ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ ကျိုက်ထိုမြို့နယ် မီးသတ် တပ်ဖွဲ့ဝင်များ၊ ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိကြပြီး ဝိုင်းဝန်း ငြိမ်းသတ်ကြရာ နံနက် ၄ နာရီ၄၅မိနစ်တွင် မီးကို ထိန်းသိမ်းနိုင်ပြီး နံနက် ၆နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူအချို့နှင့်ဒဏ်ရာရရှိသူများရှိကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကျိုက်ထီးရိုးတောင်သို့ ရောက်ရှိပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၇

မိုင်းဆတ်မြို့ ဘုရင့်နောင်ဂေါက် ကလပ်၌ လားဟူတိုင်းရင်းသားများက ကျင်းပပေးသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂေါက်ရိုက်ပြိုင်ပွဲတွင် ဦးစိုင်းစန္ဒာ(ကုန်သည်)သည် ၁၆၅ ကိုက်အကွာမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် ယင်းနှင့်အတူ ကစားဖော်များမှာ ဦးထွန်းပု (သစ်တော)၊ ဦးခင်မော်ကျော် (စစ်မှုထမ်းဟောင်း)နှင့် ဦးအောင်လွင် (ရွှေပန်းထိမ်)တို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဇာတ်ရှိန်မြင့်လာ ဘဏ္ဍာ/အခွန်အသင်း အမှတ်ပေးဇယားထိပ်မှ ဦးဆောင်လျက်ရှိ

သတင်းဆောင်းပါး–ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ စတင်ကျင်းပခဲ့ရာ ပွဲစဉ်များ အရှိန်ရနေပြီ ဖြစ်သည်။ ၂၀၀၃–၂၀၀၄ ခုနှစ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၆သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၅ရက် ပွဲစဉ်များအပြီးတွင် တစ်သင်းလျှင် အနည်းဆုံး ခြောက်ပွဲစီ ကစားပြီးသွားကြပြီဖြစ်သည်။ ဘဏ္ဍာ/အခွန်၊ ဆောက်လုပ်ရေး၊ ပြည်ထဲရေး၊ တပ်မတော်(ကြည်း)၊ သစ်တောရေးရာနှင့် ပတ္တမြားနဂါးအသင်းတို့ ခုနစ်ပွဲစီ ကစားပြီးဖြစ်သည်။

ကာကွယ်ရေး၊ မြို့တော်စည်ပင်၊ စီးပွား/ကူးသန်း၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ လယ်/ဆည်၊ တံခွန်၊ လျှပ်စစ်စွမ်းအား၊ မလိခနှင့် သတ္တုတွင်းအသင်းတို့ ခြောက်ပွဲစီ ကစားပြီးဖြစ်သည်။ ဇန်နဝါရီ ၃၁ ရက် ပွဲစဉ်များ ပြီးဆုံးပါက ၁၆သင်းစလုံး ခုနစ်ပွဲစီ ကစားပြီးသွားကြ ပေလိမ့်မည်။ ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယားကို ဖေဖော်ဝါရီ ၇ရက်အထိ ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည်။

လက်ကျန်ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၂၈ ရက်တွင် လျှပ်စစ်စွမ်းအားနှင့် တံခွန်၊ ဇန်နဝါရီ ၂၉ရက်တွင် မလိခနှင့် ကာကွယ်ရေး၊ ဇန်နဝါရီ ၃၀ရက်တွင် သတ္တုတွင်းနှင့် ပို့ဆောင်ရေး၊ ဇန်နဝါရီ ၃၁ရက်တွင် စီးပွား/ကူးသန်းနှင့် မြို့တော်စည်ပင်၊ ဖေဖော်ဝါရီ ၂ရက်တွင် သစ်တောရေးရာနှင့် ဘဏ္ဍာ/အခွန်၊ ဖေဖော်ဝါရီ ၃ရက်တွင် ပတ္တမြားနဂါးနှင့် ပြည်ထဲရေး၊ ဖေဖော်ဝါရီ ၄ရက်တွင် ဆောက်လုပ်ရေးနှင့် စွမ်းအင်၊ ဖေဖော်ဝါရီ ၅ ရက်တွင် တံခွန်နှင့် တပ်မတော်(ကြည်း)၊ ဖေဖော်ဝါရီ ၆ရက်တွင် လယ်/ဆည်နှင့် ကာကွယ်ရေး၊ ဖေဖော်ဝါရီ ၇ ရက်တွင် ပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို အောင်ဆန်းအားကစားပြိုင်ကွင်း၌သာ ကျင်းပလာခဲ့ရာမှ ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိပွဲစဉ်များကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၄ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ ပွဲစဉ်များကို မူလအတိုင်း အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၂၅ ရက် ပွဲစဉ်များပြီးဆုံးချိန်တွင် အဆင့်မြင့်တန်းအသင်းများ၏ ရပ်တည်မှုအနေအထားကို ကြည့်မည်ဆိုပါက လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းက ခုနစ်ပွဲကစား၊ ခုနစ်ပွဲနိုင် ၂၁မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ကာကွယ်ရေးအသင်းက ခြောက်ပွဲကစား ၁၄ မှတ်၊ မြို့တော်စည်ပင်အသင်းက ခြောက်ပွဲကစား ၁၃မှတ်၊ ပို့ဆောင်ရေးအသင်းက ခြောက်ပွဲကစား ၁၃မှတ်၊ စီးပွား/ကူးသန်းအသင်းက ခြောက်ပွဲကစား ၁၁ မှတ်၊ စွမ်းအင်အသင်းက ခြောက်ပွဲကစား ၁၁ မှတ်၊ ဆောက်လုပ်ရေးအသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ တပ်မတော်(ကြည်း)အသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ သစ်တောရေးရာအသင်းက ခုနစ်ပွဲကစား ရှစ်မှတ်၊ ပြည်ထဲရေးအသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ လယ်/ဆည်အသင်းက ခြောက်ပွဲကစား ခြောက်မှတ်၊ တံခွန်အသင်းက ခြောက်ပွဲကစား လေးမှတ်၊ ပတ္တမြားနဂါးအသင်းက ခုနစ်ပွဲကစား လေးမှတ်၊ လျှပ်စစ်စွမ်းအားအသင်းက ခြောက်ပွဲကစား လေးမှတ်၊ မလိခအသင်းက ခြောက်ပွဲကစား လေးမှတ်၊ သတ္တုတွင်းအသင်းက ခြောက်ပွဲကစား သုံးမှတ် အသီးသီးရရှိထားကြသည်။

အဆင့်မြင့်တန်းတွင် ၁၆ သင်းရှိ၍ တစ်သင်းလျှင် ၁၅ ပွဲစီ ကစားရမည် ဖြစ်သည်။ ယခင်က အဆင့်မြင့်တန်းတွင် ၁၂သင်းသာ ရှိခဲ့သော်လည်း အတန်းတင်သာရှိပြီး အတန်းချမရှိခဲ့၍ ၁၆ သင်းအထိ အသင်းဦးရေတိုးလာခဲ့သည်။ ယခုနှစ် ဘောလုံးရာသီတွင် အတန်းချ ရှိမည်မရှိမည်ကို မသိရသေးပေ။ အတန်းချမည်ဆိုပါက အမှတ်အနည်းဆုံးနှစ်သင်း ပထမတန်းသို့ ဆင်းရမည်ဖြစ်သည်။ လက်ရှိအနေအထားတွင် ပထမတန်းမှ ယခုနှစ် ဘောလုံးရာသီတွင် အဆင့်မြင့်တန်းသို့ တက်ရောက်လာသော မလိခအသင်းနှင့် သတ္တုတွင်းအသင်းတို့ အမှတ်ပေးဇယားနောက်ဆုံး၌ ရပ်တည်လျက်ရှိရာ ပထမတန်းသို့ ပြန်ဆင်းရဖွယ် ရှိနေသည်။

၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲ ပွဲစဉ်များတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုအဖြစ် ငွေကျပ် ၁၀၀၀၀ ချီးမြှင့်သည်။ ဇန်နဝါရီ ၂၅ရက် ပွဲစဉ်(၅၁) ယှဉ်ပြိုင်ကစားပြီးသည်အထိ ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိထားသူ ၄၀ဦး ရှိထားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိထားသူများအနက် တပ်မတော်(ကြည်း)အသင်းမှ အောင်ချမ်းမင်းက လေးကြိမ်ဖြင့် အများဆုံးရရှိထားသည်။ ဘဏ္ဍာ/အခွန်အသင်းမှ ထွန်းထွန်းဝင်းက သုံးကြိမ်ဖြင့် ဒုတိယအများဆုံး ဖြစ်နေသည်။ အကောင်းဆုံးဆု နှစ်ကြိမ်စီရရှိထားကြသူများမှာ အောင်ဇော်မျိုး(မြို့တော်စည်ပင်)၊ အေးမင်းထွန်း(စွမ်းအင်)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မြတ်မင်းဦး (ပို့ဆောင်ရေး)၊ မျိုးနိုင်(လယ်/ဆည်)နှင့် မောင်မောင်အောင်(ကာကွယ်ရေး)တို့ ဖြစ်ကြသည်။

အကောင်းဆုံးဆု တစ်ကြိမ်စီ ရရှိထားကြသူများမှာ ထွန်းစိုးနိုင်(စီးပွား/ကူးသန်း)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ သက်နိုင်(ကာကွယ်ရေး)၊ ဟန်ဝင်းအောင်(တံခွန်)၊ စိုင်းလှအောင်(သစ်တောရေးရာ)၊ အေးမင်းထွန်း(ဘဏ္ဍာ/အခွန်)၊ မျိုးမင်းဆွေ (လျှပ်စစ်စွမ်းအား)၊ ထွန်းမင်းနိုင်(ကာကွယ်ရေး)၊ အောင်မြင့်သိန်း(သစ်တောရေးရာ)၊ မိုးကျော်သူ(ဘဏ္ဍာ/အခွန်)၊ စိုးသိန်း(ဆောက်လုပ်ရေး)၊ သက်နိုင်ဦး(မြို့တော်စည်ပင်)၊ ကျော်မျိုးဟန်(စွမ်းအင်)၊ ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)၊ ကိုကိုနိုင်(သတ္တုတွင်း)၊ ထွန်းထွန်းလင်း(မြို့တော်စည်ပင်)၊ ကျော်ဒွန်း(ပို့ဆောင်ရေး)၊ လွင်ဦး(ဘဏ္ဍာ/အခွန်)၊ ဝင်းဇော်မိုး(ဆောက်လုပ်ရေး)၊ လှအေးထွေး(ပတ္တမြားနဂါး)၊ ဇော်ဇော်(မလိခ)၊ နေလင်းထွန်း(ပြည်ထဲရေး)၊ ဇော်ထက်အောင်(စွမ်းအင်)၊ စန်းမောင်(ကာကွယ်ရေး)၊ ချစ်ကိုကို(ပြည်ထဲရေး)၊ ကျော်ကျော်မင်း(မလိခ)၊ ကျော်သီဟ(တံခွန်)၊ ဌေးအောင်(ကာကွယ်ရေး)၊ ညီညီအောင်(ပို့ဆောင်ရေး)၊ နေသူလှိုင် (ပြည်ထဲရေး)၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)နှင့် အောင်ထွန်းနိုင်(သစ်တော ရေးရာ)တို့ ဖြစ်ကြသည်။

ဇန်နဝါရီ ၂၅ ရက် ပွဲစဉ်(၅၁) ယှဉ်ပြိုင်ကစားပြီးချိန်တွင် ဂိုးအများဆုံး သွင်းထားသူမှာ ဘဏ္ဍာ/အခွန်အသင်းမှ ထွန်းထွန်းဝင်းဖြစ်ပြီး စုစုပေါင်း ခုနစ်ဂိုးသွင်းထားသည်။ စုစုပေါင်း ငါးဂိုးသွင်းပြီး ဒုတိယ ဂိုးအများဆုံး သွင်းထားကြသူများမှာ မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ မောင်မောင်ဌေး (မြို့တော်စည်ပင်)နှင့် မြတ်မင်းဦး(ပို့ဆောင်ရေး)တို့ ဖြစ်ကြသည်။ လေးဂိုးသွင်းထားသူများမှာ ဇော်မောင်မောင်(ဘဏ္ဍာ/အခွန်)၊ တင်ထွေး (တပ်မတော်–ကြည်း)၊ သက်နိုင်ဦး(မြို့တော်စည်ပင်)၊ သက်နိုင်(ကာကွယ်ရေး)၊ မျိုးနိုင်(လယ်/ဆည်)နှင့် ထွန်းမင်းနိုင်(ကာကွယ်ရေး)တို့ ဖြစ်ကြသည်။ သုံးဂိုးသွင်းထားသူများမှာ အေးမင်းထွန်း(ဘဏ္ဍာ/အခွန်)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ မိုးကျော်သူ(ဘဏ္ဍာ/အခွန်)၊ အောင်လင်းထွန်း(ဘဏ္ဍာ/အခွန်)၊ အောင်ထွေးမောင်(မြို့တော်စည်ပင်) လွင်ဦး(ဘဏ္ဍာ/အခွန်)၊ ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)၊ အောင်မိုးဦး (ကာကွယ်ရေး)နှင့် မျိုးနိုင်(စွမ်းအင်)တို့ ဖြစ်ကြသည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများတွင် အောင်မြင်မှုအရှိဆုံး အသင်းမှာ ဘဏ္ဍာ/အခွန်အသင်းဖြစ်သည်။ ၂၀၀၂–၂၀၀၃ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်း ချန်ပီယံ ဖြစ်ခဲ့ရာ ဒုတိယနေရာမှ စီးပွား/ကူးသန်းအသင်းနှင့် အမှတ်တူညီပြီး ဂိုးအရေ အတွက်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် ဘဏ္ဍာ/အခွန်အသင်း၏ ခြေစွမ်းတည်ငြိမ်မှုရှိပြီး ကစားပြီးသည့်ပွဲတိုင်းတွင် ဂိုးပြတ်များဖြင့် အနိုင်ရရှိခဲ့သည်။ ခုနစ်ပွဲကစားရာတွင် ၃၉ ဂိုးသွင်းထားပြီး နှစ်ဂိုးသာ ပြန်အသွင်းခံထားရသည်။ ဒုတိယနေရာမှ ကာကွယ်ရေးအသင်းထက် ခုနစ်မှတ် တိတိ ကွာနေရာ ပွဲအရေအတွက်ချင်းတူလျှင်ပင် ကာကွယ်ရေးထက် လေးမှတ် အသာ ရမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းအား ချန်ပီယံမဖြစ်ရေးအတွက် ဟန့်တားနိုင်ရန်မှာ ဘဏ္ဍာ/အခွန်နှင့် ကာကွယ်ရေး၊ ဘဏ္ဍာ/အခွန်နှင့် မြို့တော် စည်ပင်၊ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်း ပွဲစဉ်များက အဓိကကျလျက် ရှိကြောင်း ဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

ဂိုးအများဆုံး သွင်းထားသူ

အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံး ပြိုင်ပွဲ ပွဲစဉ်(၅၁)အပြီး တွင် စုစုပေါင်း ခုနစ်ဂိုး ဖြင့် ဂိုးအများဆုံး သွင်း ထားသူ ထွန်းထွန်း ဝင်း (ဘဏ္ဍာအခွန်) (မြန်မာ့အလင်း)

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းနှင့် စွမ်းအင် အသင်းတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (မြန်မာ့အလင်း)

၂၀၀၂–၂၀၀၃ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် တံခွန် အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်း၏ ထိုးဖောက်တိုက်စစ် ဆင်မှုကို တံခွန်ဂိုးသမား ကာကွယ်ဟန့်တားနေစဉ်။ (မြန်မာ့အလင်း)

အဆင့်မြင့်တန်းအသင်းများ၏ ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်းဂိုး	ပေးဂိုး	ရမှတ်
၁	ဘဏ္ဍာ/အခွန်	၇	၇	၀	၀	၃၉	၂	၂၁
၂	ကာကွယ်ရေး	၆	၄	၂	၀	၁၅	၆	၁၄
၃	မြို့တော်စည်ပင်	၆	၄	၁	၁	၁၅	၉	၁၃
၄	ပို့ဆောင်ရေး	၆	၄	၁	၁	၉	၅	၁၃
၅	စီးပွား/ကူးသန်း	၆	၃	၂	၁	၉	၅	၁၁
၆	စွမ်းအင်	၆	၃	၂	၁	၈	၄	၁၁
၇	ဆောက်လုပ်ရေး	၇	၃	၂	၂	၉	၁၁	၁၁
၈	တပ်မတော်(ကြည်း)	၇	၂	၃	၁	၈	၁၂	၉
၉	သစ်တောရေးရာ	၇	၂	၂	၃	၆	၇	၈
၁၀	ပြည်ထဲရေး	၇	၁	၁	၄	၈	၁၂	၇
၁၁	လယ်/ဆည်	၆	၂	၀	၄	၈	၁၃	၆
၁၂	တံခွန်	၆	၁	၁	၄	၆	၇	၄
၁၃	ပတ္တမြားနဂါး	၇	၁	၁	၅	၄	၁၆	၄
၁၄	လျှပ်စစ်စွမ်းအား	၆	၁	၁	၄	၁၀	၁၈	၄
၁၅	မလိခ	၆	၁	၁	၄	၄	၁၈	၄
၁၆	သတ္တုတွင်း	၆	၁	၀	၅	၃	၁၆	၃

ကြက်သွန်ဖြူ၏ အစွမ်းထက် ဆေးဖက်အသုံးဝင်ပုံ

တင်ထွန်း
(အစိုးရတိုင်းရင်းဆေး)

လွန်ခဲ့သော သီတင်းပတ်က 'မီးဖိုချောင်အတွင်းမှ ချင်း(ဂျင်း)တက်၏ အစွမ်း' ဆောင်းပါးကိုရေးသားတင်ပြခဲ့ပြီးနောက် မီးဖိုချောင်သုံး အပင်ထွက်ပစ္စည်းတစ်ခုဖြစ်သည့် 'ကြက်သွန်ဖြူ၏အစွမ်းထက်အသုံးဝင်ပုံ' ကိုဆက်လက်ရေးသားတင်ပြရန်ပြင်ဆင်နေချိန်တွင် ခုနစ်ရက် သတင်းဂျာနယ်၊ အတွဲ (၂) အမှတ် (၄၃)တွင် 'ကြက်သွန်ဖြူ၏ အရသာကိုဖြစ်စေသော အယ်လစ္စင်ဓာတုပစ္စည်းကို ခန္ဓာ၏မည်သည့်နေရာတွင်မဆို ရောက်နေသောရောဂါကို ဖျက်ဆီးစေသော 'ဉာဏ်ကျယ်ဗုံး'အဖြစ် ခေါ်ဝေါ်သတ်မှတ်အသုံးပြုကာ ကင်ဆာရောဂါကို ခြေရာကောက်ရှာဖွေလျက် နှိမ်နင်းစေနိုင်သော နည်းတွေ့လာရပြီဟု သတင်းရရှိကြောင်း အစ္စရေးရှိ ရေဟိုးဗက်မြို့ ဝိုက်ဇမင် သိပ္ပံမှ သုတေသီများက "ကြက်သွန်ဖြူ၏ အမြွာများကို ထုထောင်းခွဲစိတ်၊ ချက်ပြုတ်သည့် အခါမှသာဖြစ်ပေါ်လာတတ်သော အယ်လစ္စင် (Alliicin) ဓာတ်ပစ္စည်း ဖြစ်ပေါ်လာမှုဖြစ်စဉ်ကို အသုံးချကာ ကင်ဆာရောဂါကို နှိမ်နင်းရန် နည်းလမ်းကို အစာအိမ်ကင်ဆာရှိနေသော ကြွက်ဖြင့်စမ်းသပ်ခဲ့ကြောင်း၊ ယင်းသို့ စမ်းသပ်သုတေသနပြုခဲ့သော နည်းစနစ်၏ အားသာချက်မှာ ရောဂါကင်းသော ကလာပ်စည်းအကောင်းများကို လုံးဝမထိပါးဘဲ ကင်ဆာကလာပ်စည်း ရှိရာနေရာကို ခြေရာကောက်ရှာဖွေလျက် ဖျက်ဆီးပစ်ခြင်း ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း လူသားများနှင့်စမ်းသပ်တော့မည် ဖြစ်ကြောင်း" ကြက်သွန်ဖြူ၏ ကင်ဆာကိုခြေရာကောက်လျက် ဖျက်ဆီးနိုင်မှု သတင်းဆောင်းပါးကို ဖတ်ရှုလိုက်ရသည်။

အဆိုပါ 'ကြက်သွန်ဖြူ'သည် အိမ်ထောင်စုတိုင်း၏ မီးဖိုချောင်တွင် အစားအသောက်ဟင်းလျာများ စီမံရာတွင် အသုံးအများဆုံး၊ လူသိအများဆုံး မီးဖိုချောင်သုံးပစ္စည်း တစ်ခုဖြစ်သည်နှင့်အညီ ဟင်းခတ်အမွှေးအကြိုင်အဖြစ် ဟင်းလျာများ ချက်ပြုတ်ရာတွင်လည်းကောင်း၊ အနံ့အရသာ ပိုမိုကောင်းစေရန် သရေစာများအဖြစ် စားသုံးသည့် မြေပဲလှော်ထုပ်၊ နေကြာစေ့ထုပ် စသည်တို့တွင် ကြက်သွန်ဖြူ မီးဖုတ်များထည့်၍ လည်းကောင်း စားသုံးလာကြသည်။ **'ကြက်သွန်ဖြူ သုံးစွဲခဲ့ပုံ'**နှင့်စပ်လျဉ်း၍ အီဂျစ်လူမျိုးများက အင်အားတိုးပွားစေရန်အတွက်လည်းကောင်း၊ ဂရိလူမျိုးများက ဝမ်းနုတ်ဆေးအဖြစ်လည်းကောင်း၊ ဥရောပတွင် ပလိပ်ရောဂါ ကပ်ဆိုးကြီးကျရောက်ချိန်တွင် ကိုယ်ခံအားမြင့်မားစေရန်အတွက်လည်းကောင်း၊ တရုတ်လူမျိုးများက သွေးပေါင်ကျဆင်းစေရန် လည်းကောင်း၊ ဤရာစု နှစ်ဦးပိုင်းအချိန်က အဆုတ်တီဘီရောဂါကုသရန် လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တိုက်ပွဲတွင်ရရှိသော ဒဏ်ရာများကို ကုသရန် ပဋိဇီဝဆေးအဖြစ်လည်းကောင်း အသုံးပြုခဲ့ကြကြောင်း လေ့လာသိရှိရသည်။

ကြက်သွန်ဖြူ၏ ပိုးသတ်နိုင်စွမ်းဆေးဝါးအာနိသင်သတ္တိကို ၁၉ရာစုနှစ်က ပြင်သစ်ဓာတုဗေဒပညာရှင် လူဝီပတ်စချာက သက်သေပြဖော်ထုတ်ခဲ့ပြီးနောက် ကြက်သွန်ဖြူ၏ ဘက်တီးရီးယားဖန်ဂတ်စ်ဗိုင်းရပ်စ်နှင့် အခြားကပ်ပါးပိုးမွှားများကို ဖျက်ဆီးနိုင်စွမ်းရှိပုံကို အကြိမ်များစွာ လေ့လာဆောင်ရွက်ခဲ့ကြသည်။ ခေတ်မီပဋိဇီဝဆေးအဖြစ် 'ပင်နင်စလင်' ပေါ်ပေါက်လာပြီးနောက် ကြက်သွန်ဖြူကို ပဋိဇီဝဆေးဝါးအဖြစ်သုံးစွဲခြင်းမှ မေ့မိန်ခဲ့သော်လည်း တိုင်းရင်းဆေးပညာရှင်များကမူ အအေးမိခြင်း၊ တုပ်ကွေးဖျားနာခြင်းနှင့် အခြားကူးစက်ရောဂါများ မဖြစ်ပွားအောင် ထိရောက်သော ကြိုတင်ကာကွယ်မှုကို ကြက်သွန်ဖြူကပေးစွမ်းနိုင်မှုရှိပြီး အစာအိမ်အောက်ပိုင်းတွင် ဖြစ်ပေါ်သော ဝေဒနာ (ဥပမာ–လေနာရောဂါ၊ လေအောင့်ခြင်းနှင့် အူသိမ်ကပ်ပါးသန်ကောင်များ) ပျောက်ကင်းစေကြောင်း အလေးထားပြောဆို အသုံးပြုခဲ့ကြသည်။

ယင်းကဲ့သို့ သမိုင်းစဉ်ဆက် အသုံးပြုခဲ့ကြသော 'ကြက်သွန်ဖြူ'၏အမည် အခေါ်အဝေါ်များ၊ ဂုဏ်နှင့် စွမ်းရည်၊ ဆေးဖက်ဝင်အသုံးပြုပုံတို့ကို 'မိသားစုကျန်းမာရေးစောင့်ရှောက်မှု တစ်ရပ်'အဖြစ် အထောက်အကူပြုစေရန် ရေးသားတင်ပြလိုပါသည်။

'ကြက်သွန်ဖြူပင်၏ ရုက္ခဗေဒအမည်'မှာ Allium sativum Linn ဖြစ်ပြီး အင်္ဂလိပ်အမည်-Garlic၊ သက္ကတအမည် Lashuna ဟူ၍ ဖြစ်သည်။

'ကြက်သွန်ဖြူ'သည် ဟင်းသီးဟင်းရွက်(သာကဝဂ္ဂ)အုပ်စုဝင်ဖြစ်ပြီး မြစ်၊ဥ အမျိုးအစားဖြစ်၍ အစပ်နံ့လေးမျိုး(တဗျုဂန္ဓိစတုတ္ထက)တွင် တစ်မျိုးအပါအဝင်ဖြစ်သည်။

'ကြက်သွန်ဖြူ၏အရသာ'မှာ အချဉ်မှတစ်ပါး အရသာငါးမျိုး(ချို၊ခါး၊ငန်၊စပ်၊ဖန်)ရှိပြီး ကြေကျက်သောအခါ(ဝါပါကဌ)စပ်ခြင်း၊ ပူခြင်း၊မွှန်ခြင်းဖြစ်သည်။ **'အကျိုးသွား'**မှာ ကြေကျက်စေခြင်း၊ ဆီးဝမ်းကိုရှင်စေခြင်း၊ ခွန်အားကိုဖြစ်စေခြင်း၊ မျက်စိကိုအကျိုးပြုခြင်း၊ သွေးကို သန့်ရှင်းစင်ကြယ်စေခြင်း၊ အပူရှိန်ကို ရရှိစေခြင်း၊ လေသလိပ်ကို နိုင်ခြင်း၊ နှလုံးအတွင်း သွေးပိတ်ဆို့မှုကို ကာကွယ်ခြင်းဖြင့် အကျိုးပြုစေခြင်း၊ ဝမ်းဗိုက်နာရောဂါ၊ အဆစ်အမြစ်ကိုက်ရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါ၊ ရင်ကျပ်ရောဂါ၊ ချောင်းဆိုးရောဂါနှင့် အရေပြားတွင် ဖြစ်ပွားတတ်သော ဝဲယားနာများကို ပျောက်ကင်းစေခြင်း စသည်တို့ ဖြစ်သည်။ ကြက်သွန်ဖြူတွင် ဥတစ်လုံးနှင့် အမြွာဟူ၍ နှစ်မျိုးရှိရာ တူညီမှုရှိကြပြီး ကြက်သွန်ဖြူဥတစ်လုံးက ပို၍ အစွမ်းထက်မြက်ကြောင်း လေ့လာ သိရှိရသည်။

ကြက်သွန်ဖြူနှင့်စပ်လျဉ်း၍ 'တိုင်းရင်းဆေးပညာ'အမြင်အရ တင်ပြရလျှင် ကြက်သွန်ဖြူသည် အခိုးအာကာသပွင့်ခြင်း၊ ထက်မြက်ခြင်း၊ သွေးလေသွားလာကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်တွင်း သွားလာလှုပ်ရှားလျက်ရှိသော သွေးများကို ကျဲစေသော အာနိသင်နှင့် သွေးလှည့်ပတ်မှုကို ပိုမိုကောင်းမွန်စေခြင်း၊ ပေါ့ပါး ကြေကျက်လွယ်သောဂုဏ်၊ ပူသောဂုဏ်၊ ထက်မြက်သောဂုဏ်များကြောင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ လေငန်းရောဂါ၊ အဆစ်ရောင်ရောဂါဖြစ်ပွားခြင်းတို့ကို ကာကွယ်ပေးကြောင်း၊ အိန္ဒိယဆေးကျမ်းများ အရလည်း ကြက်သွန်ဖြူသည် ပူခြင်း၊ လှုံ့ဆော်တတ်သော အာနိသင်ရှိခြင်းတို့ကြောင့် ဓမ္မတာသွေးကို သက်ဆင်းစေခြင်း၊ သန်ကောင်များကို ကျစေခြင်း၊ လေနှင့်ပတ်သက်သည့် ရောဂါ၊ အာရုံကြောဆိုင်ရာရောဂါ၊ အရေပြားအောက်သွေးယိုစိမ့်သောရောဂါ၊ ရင်ကျပ်နာ၊ သွေးသလိပ်အန်နာ၊ အဆုတ်လေပြွန်ရောင်နာ၊ တုပ်ကွေး၊ လည်ချောင်းယားယံခြင်း၊ အာခေါင်ယားယံခြင်း စသည့်ရောဂါများအတွက် အကောင်းဆုံး ဆေးတစ်လက်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

'အနောက်တိုင်းဆေးပညာ'အရတင်ပြရလျှင် ကြက်သွန်ဖြူသည်သလိပ်ရှင်စေပြီး ချောင်းဆိုးရင်ကျပ်ရောဂါများအတွက် အလွန်ကောင်းကြောင်း၊ ဝမ်းတွင်းမှ သန်ကောင်များကို လွယ်ကူစွာထွက်ကျစေကြောင်း၊ ဆီးကိုလည်းရှင်စေသည့်ပြင် အချို အဆီ အဆိမ့် အစားအသောက်များ၍ ဖြစ်ပွားလေ့ရှိသော သွေးလမ်းကြောင်းတွင် ပိတ်ဆို့နေသည့် အဆီဓာတ်(Cholestrol)များကို ဖယ်ရှားပေးနိုင်ကြောင်း၊ အဆီဓာတ်များကြောင့် နောက်ဆက်တွဲဖြစ်ပွားတတ်သော နှလုံးရောဂါဘေးအန္တရာယ်ကို လျော့ပါးစေကြောင်း၊ အဆုတ်ရောဂါပိုးများကို သေစေနိုင်ကြောင်း၊ ကြက်သွန်ဖြူကို သင့်တင့်လျောက်ပတ်သော အချိန်အဆပမာဏဖြင့် ပုံမှန်စားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်စေနိုင်ကြောင်း၊ တရုတ်နိုင်ငံဆေးပညာရှင်များ၏ အဆိုအရ နေ့စဉ်ထမင်းစားတိုင်း ကြက်သွန်ဖြူ တစ်ကျပ်သားခန့်ပမာဏ (ကြက်သွန်ဖြူဥတစ်လုံး)ကို စားသုံးပါက ကင်ဆာနှင့် အခြားကင်ဆာရောဂါဖြစ်ပွားမှုကို လျော့နည်းစေကြောင်း သိရှိရသည်။

ကြက်သွန်ဖြူတွင် ဗီတာမင်ဘီနှင့် စီဓာတ် အများအပြားပါဝင်သည့်ပြင် ဗီတာမင်အေဓာတ်၊ အိုင်အိုဒင်းဓာတ်၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်နှင့် ဖော့စဖိတ်အက်စစ်ဓာတ်တို့ ပါဝင်သည်။ ဗီတာမင်အေဓာတ်သည် ကလေးသူငယ်များ ကိုယ်ကာယဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုသကဲ့သို့ လူကြီးများအတွက် ခန္ဓာကိုယ်ကို နုပျိုစေသည့်အပြင် အာရုံကြောများ၏ အင်အားကို ပြည့်ဖြိုးစေခြင်း၊ ပြည်တည်နာ၊ ကျောက်ကပ်ရောဂါ၊ သားအိမ်ရောဂါနှင့် အဆုတ်ရောဂါဖြစ်ပွားမှုတို့ကို ကာကွယ်ပေးခြင်းတို့ဖြစ်စေသည်။ ဗီတာမင်စီဓာတ်သည် သွေးကို သန့်စင်စေပြီး သွေးလည်ပတ်မှုကိုလည်း မှန်ကန်စေသည်။

'ကြက်သွန်ဖြူ၏ဆေးဖက်ဝင် အသုံးပြုပုံများ'မှာ–

(၁) **ကလေးများ လေဆန်နာဖြစ်ပါလျှင်** ။ ။ ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်ကျွေးပါက သက်သာပျောက်ကင်းစေပါသည်။

(၂) **ကလေးများဝမ်းဖော ဝမ်းရောင်ဖြစ်လျှင်** ။ ။ ဆိပ်ဖူး၊ လင်းနေ၊ စမုန်နက်၊ ကြက်သွန်ဖြူ ဆေးလေးပါးကို ပမာဏ တူညီစွာစု၍ ဆားအနည်းငယ် ထည့်၍ မီးဖြင့်အကျွမ်းလှော်၊ အမှုန့်ပြု၍လျက်ပေးပါ။

(၃) **ကလေးချောင်းဆိုးပါက** ။ ။ ကြက်သွန်ဖြူဥတစ်လုံး ပြာကျအောင် မီးဖုတ်၍ ၎င်းရရှိသော ပြာကို လက်ဖက်စား ဇွန်းတစ်စိတ်ပမာဏကို ရေကျက်အေးဖြင့်တိုက်ပါ။

(၄) **ဝသူများ အဆီကျ အသားကျစ်လျစ်စေရန်** ။ ။ ကြက်သွန်ဖြူဥတစ်လုံး (အခွံသင်ပြီး)ကို နှစ်ချို့ နှစ်လွန်ပျားရည်ဖြင့် စိမ်လျက် တစ်နေ့တစ်လုံး စားပေးပါ။(ယခုအခါ ဆေးဝါး ထုတ်လုပ်မှု နည်းပညာများ တိုးတက်လာသည်နှင့်အညီ ကြက်သွန်ဖြူ ပျားရည်အဖြစ် ပုလင်းများတွင် ထည့်သွင်းသုံးစွဲလာကြပြီဖြစ်သည်)

(၅) **ဝမ်းမီးကောင်းစေရန်** ။ ။ ထမင်းစားပြီး မိနစ်နှစ်ဆယ်ခန့်အကြာတွင် ကြက်သွန်ဖြူဥတစ်လုံးကိုကြိတ်ပြီး ရေနွေးပူပူထဲ ထည့်သောက်ပါ။

(၆) **ဝမ်းဗိုက်နာခြင်းအတွက်**။ ။ ကြက်သွန်ဖြူ သတ္တုရည် ၁၂ပဲသားနှင့် ထောပတ် ၁၂ကျပ်သားကို ရောစပ်၍ တစ်ကြိမ် သောက်လျှင် လူကြီးဖြစ်ပါက လက်ဖက်စားဇွန်း တစ်ဇွန်း၊ ကလေးဖြစ်ပါက ဇွန်းတစ်ဝက်သောက်ရန် ဖြစ်သည်။

(၇) **အဆစ်အမြစ်ကိုက်လျှင်** ။ ။ ကြက်သွန်ဖြူကို ရောက်၊ သံပရာ စသည့် ချဉ်ရည်တစ်မျိုးမျိုးစိမ်၍ စားပေးပါ။

(၈) **ရင်ကျပ်ပါက** ။ ။ ကြက်သွန်ဖြူဥသတ္တုရည်ကို ရေနွေးနှင့် (လူကြီး ဖြစ်ပါက လက်ဖက်စားဇွန်း တစ်ဇွန်း၊ ကလေးဖြစ်ပါက ဇွန်းတစ်ဝက် ပမာဏ)သောက်ရန် ဖြစ်သည်။

(၉) **ဝဲစိုဝဲခြောက်ဖြစ်ပါက** ။ ။ ကြက်သွန်ဖြူကို အုန်းဆီဖြင့် ကြိတ်၍ လိမ်းပါ။

(၁၀) **ဆံပင်ဖြူရောဂါ** ။ ။(အရွယ်မရောက်မီ ဆံပင်ဖြူခြင်း)ဖြစ်ပါက ကြက်သွန်ဖြူဥကို မီးအုံး၍ နှမ်းဆီ စစ်စစ်နှင့် ဆမ်းပြီး နေ့စဉ်စားပါက ဆံပင်များ နက်လာစေပါသည်။

(၁၁) **ကြက်ညှာချောင်းဆိုး ဖြစ်ပါက** ။ ။ကြက်သွန်ဖြူဥကိုကြိတ်၍ နှမ်းဆီဖြင့် ဖျော်၍ ကျောကုန်း၊ ရင်ဘတ်၊ ခြေထောက် (ခြေဖဝါးလှပ်လျက်)တို့ကို လိမ်းပေးပါ။

(၁၂) **အဆုတ်အအေးမိ၊ အဆုတ်ပွရောဂါများ ဖြစ်ပါက** ။ ။ကြက်သွန်ဖြူအဆီ လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို နွားနို့တစ်ခွက်နှင့် ရောပြီး တစ်နေ့ လေးကြိမ်သောက်ရန်၊ သို့မဟုတ် ကြက်သွန်ဖြူသတ္တုရည်ကို တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏ နှုန်းဖြင့် တစ်နေ့လေးကြိမ် သောက်ရန်ဖြစ်သည်။

(၁၃) **ခွေးကိုက်ခံရ၍ ခွေးအဆိပ်တက်ပါက** ။ ။ကြက်သွန်ဖြူကို ကြိတ်၍ အုံပြီး ပတ်တီးစည်းပေးပါ။

(၁၄) **အိပ်ပျော်စားဝင်၊ အင်အားပြည့်ဖြိုးရန်** ။ ။ကြက်သွန်ဖြူဥ တစ်လုံးကို အပ်ဖြင့် ဖောက်၍ပျားရည်တွင် စိမ်ထားပြီး တစ်နေ့ တစ်လုံး မှန်မှန်စားသုံးသင့်ပါသည်။

(၁၅) **ဝမ်းဗိုက်နာ၊ လေနာ၊ အစာအိမ်နာ အမျိုးမျိုးအတွက်** ။ ။ စမုန်နက်၊ရှိန်းခို၊ ကြက်သွန်ဖြူ၊ လင်းနေ၊ ကြောင်ပန်းရွက် စသည်တို့ကို ပမာဏ တူယူ၍ အမှုန့်ပြုကြိတ်ကာ လက်ဖက်စားဇွန်းပမာဏ၏ လေးပုံတစ်ပုံခန့် (ငရုတ်ကောင်းစေ့ပမာဏ) အလုံး ပြုလုပ်ပြီး တစ်ကြိမ်လျှင် ၎င်းဆေးလုံးနှစ်လုံးမှသုံးလုံး တိုက်ကျွေးရန်ဖြစ်ပါသည်။

(၁၆) **နားကိုက်ခြင်း၊ နားပြည်ယိုခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းတို့ဖြစ်ပါက** ။ ။ကြက်သွန်ဖြူ၊ နှမ်းဆီ၊ လေးညှင်း ပမာဏ ဆတူရောစပ်၍ ကျိုချက်ပြီး ရရှိသော လိမ်းဆေးဆီကို တစ်နေ့ နှစ်ကြိမ်ခန့် နာကျင်ကိုက်ခဲသည့် နေရာတွင် လိမ်းပေးရန် ဖြစ်သည်။

ကြက်သွန်ဖြူ၏ ဆေးဖက်ဝင်ပုံမှာ အထက်ဖော်ပြပါအတိုင်း အသုံးပြုမှုများပြားသည့်အပြင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၃) ဆေးပုလဲကလာပ်ဆေးတွင် သုံးရာခိုင်နှုန်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၃၂) နန်းတွင်းလျှာပွတ်ဆေးတွင် လေးရာခိုင်နှုန်း၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၃၃) အစာကြေ လေပုပ်ထုတ်ဆေးတွင် ၅၀ ရာခိုင်နှုန်းနှင့် တိုင်းရင်းဆေး အမှတ် (၃၄) သူငယ်နာ မှတ်လေးစင်းကြီးဆေးတွင် ခုနစ်ရာခိုင်နှုန်း အသီးသီး ထည့်သွင်းဖော်စပ် အသုံးပြုပါသည်။

မီးဖိုချောင်သုံး ဟင်းခတ်ပစ္စည်းသာမက ဆေးဖက်ဝင် ပစ္စည်းအဖြစ်ပါ အသုံးဝင်လှသော ကြက်သွန်ဖြူကို 'တန်ဆေး၊ လွန်ဘေး'ဟူသည့် စကားနှင့်အညီ သင့်တင့်လျောက်ပတ်စွာ မသုံးစွဲလျှင် ခန္ဓာကိုယ်တွင် ရှိသင့် ရှိထိုက်သည့် သွေးအားပိုမိုနည်းစေပြီး အစာအိမ်အနာများ ဖြစ်တတ်ကြောင်းကို သတိပြုဆင်ခြင်ရန် လိုအပ်ပါကြောင်းနှင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု တစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

ယနေ့ခေတ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း (အခြေခံပညာအထက်တန်း)စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက်ဝါရင့်တက္ကသိုလ်ဆရာကြီးများနှင့် ဝါရင့် စာစစ်မှူးများ ရေးသားပြုစုသည့်ယနေ့ခေတ်ဂျာနယ်ဘာသာစုံ အထူးထုတ် စာအုပ်ကို ရွှေနန်းမှန်ကူ စာအုပ်တိုက် ဖုန်း–၂၄၅၀၂၄က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ဆရာစံ–ဓာဏ်ဘို၏ ၂၀၀၄ ခုနှစ် ပညာရေးဟောကိန်းတွင်အဆောင်၊ယတြာများနှင့် ပတ်သက်၍ အထူး ရှင်းလင်းဖော်ပြထားသည်။**(အပေါ်ပုံ)(က–ပ)**

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ ထန်တလန်မြို့နယ်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

ဟားခါး ဇန်နဝါရီ ၃

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်က ထန်တလန်မြို့နယ်သို့ ရောက်ရှိပြီး ထန်တလန်–နှာရိန်လမ်းပေါ်ရှိ ကျောက်ထုတ်လုပ်နိုင်မည့်နေရာသို့ ရောက်ရှိရာ ကျောက်စုဆောင်းထုတ်လုပ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှသည် ထန်တလန် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှသည် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းများနှင့် ဆေးရုံ ရေရရှိသုံးစွဲနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ထန်တလန်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ မြို့တွင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၁၇ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဥက္ကံ–ဂေါ ကျေးလက် ဂဝံလမ်းခင်းနေမှုကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းထွန်းဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



ဇန်နဝါရီ ၁၈ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ကျေးလက်လမ်း အင်းလယ်–မုန်ချောင်းရွာ မြေသားလမ်းအသစ် ဖောက်လုပ်ခြင်း လုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (က–ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ညောင်ရွှေမြို့နယ် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မြို့နယ်ပညာရေး စုံညီပွဲတော်ကို ဒီဇင်ဘာ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် ရှမ်းပြည်နယ်ပညာရေးမှူး ဦးစံရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ဝ၂၇)

ပြင်ဦးလွင်မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ကျေးလက်ရေပေးရေးလုပ်ငန်းကွင်းဆင်းကြည့်ရှု

ပြင်ဦးလွင် ဇန်နဝါရီ ၂၄

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၁ ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းမင်းသန့်နှင့် အင်ဂျင်နီယာများက ဖောင်းတောကျေးရွာ၊ ကျွဲနွားထောက်ကျေးရွာ၊ ရေခြိစုကျေးရွာ၊ တိုးကြီးကုန်းကျေးရွာများသို့ သွားရောက်၍ ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်းများဖြစ်သည့် အုတ်ရေကန်များပြုလုပ်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းပေးခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးကြသည်။

၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြင်ဦးလွင်မြို့စည်ပင်သာယာရေးအဖွဲ့က ကျေးရွာပေါင်း ၃၇ ရွာအား ငွေကျပ်သိန်းနှစ်ရာ့လေးဆယ် အကုန်ကျခံကာ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(က–ပ)

မင်းဘူးမြို့ရေပေးရေးလုပ်ငန်း ကောင်းမွန်ရေး ပြည်သူများအားရှင်းလင်းဆွေးနွေး

မင်းဘူး ဇန်နဝါရီ ၃

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ယခုထက်ပိုမို၍ တိုးတက်ကောင်းမွန်စေရေးအတွက် ကျပ် ၁၀၇ သိန်းအကုန်အကျခံဆောင်ရွက် မည့် ကျောက်တန်းရေပေးရေးနှင့် တာဘိုင်ရေဆုံးရေးတိုးချဲ့လုပ်ငန်းအခြေအနေများအား ပြည်သူများသိရှိစေရန် ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၂ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဦးတို့က မြေပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့သည်။

(၄၀၇)

မွေးမြူထုတ်လုပ်ရေးဘဏ်မှ ဝက်မွေးသူများကို မွေးဘက်ပေးဝက်များ ထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၄ရက်က မန္တလေး အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါနဘွားရပ်ကွက်သို့ မွေးဘက်ပေးဝက်များ ထုတ်ပေးစဉ်။ (၁၆၂)

လားရှိုး၊ မူဆယ်၊ ကော့သောင်း၊ မြိတ်မြို့များ၌ ကုန်စည်ပြပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ခွင့်ပြုချက်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှု၊ အထက် မြန်မာပြည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၄ရက်မှ ၈ရက်အထိ လားရှိုးမြို့ ယုံဟော်ကွင်း၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက်မှ ၁၆ရက်အထိ မူဆယ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မတ် ၂၄ရက်မှ ၂၈ရက်ထိ ကော့သောင်းမြို့ မဉ္ဇူသက လွတ်လပ်ရေးကွင်း၌ လည်းကောင်း၊ ဧပြီ ၂ရက်မှ ၆ရက်ထိ မြိတ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက်က ကျင်းပရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ရောင်းချမည့်

အဆိုပါဈေးရောင်းပွဲတော်၌ ဖိုးလပြည့်ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြီး Scorpion C°Plus, Lemon Tea Plus နှင့် 2°in°1 အားဖြည့်အချိုရည်များကိုအထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ပြီး ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ တွဲဖက်ပံ့ပိုးကူညီကာ စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြား ဆေးအမျိုးမျိုး၊ နိုင်ငံခြား စံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင် ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန် ပစ္စည်းများကို အထူး ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး (စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀(လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ဖုန်း– ၂၄၀၆၀၀ (လိုင်းခွဲ) ၄၃၂၊ ရုံးချိန်ပြင်ပဖုန်း–၆၃၅၂၆၄တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ကြည့်ရှုစစ်ဆေး

ဒီဇင်ဘာ ၁ ရက်က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄ခုနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဝေသာလီလမ်း ကျောက်ချောခင်းရန်အတွက် ကျောက်စုဆောင်းနေမှုအား မြို့နယ် အမှုဆောင်အရာရှိ ဦးအေးမင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(က–ပ)

ရွှေရတု မွေးနေ့

(၂၂-၁-၂၀၀၄)

ဒေါက်တာ သန်းထွန်းအောင် M.B.,B.S, Dip, Med. Sc (O & G) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မော်လမြိုင်မြို့ ကိုယ်စိတ်ကျန်းမာ ချမ်းသာပျော်ရွှင် အောင်မြင်စေကြောင်း ဆုမွန်တောင်းသည် အသက် ၁၂၀ ရှည်စေသော်ဝ်။

ချစ်ဇနီး – ဒေါက်တာခင်နွယ်နွယ်အောင်
ချစ်သား – ဗညားအောင်
ချစ်သမီး – ရွှေယမင်းဦး

ဂုဏ်ယူဝမ်းမြောက်ခြင်း

အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်မှ အောက်ဖော်ပြပါ ဒါရိုက်တာ အဖွဲ့ဝင်လူကြီးများအား နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ချီးမြှင့်သည့် အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ ဥက္ကဋ္ဌ	ဦးမောင်လှ	သုဓမ္မမဏိဇောတဓရ	၂၀၀၂ခုနှစ်
၂။ တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ	ဦးကျားမောင်	သီရိသုဓမ္မမဏိဇောတဓရ	၂၀၀၃ခုနှစ်
၃။ လုပ်ငန်းခွဲဒါရိုက်တာ	ဦးကင်းစိန်	သီဟသုဓမ္မမဏိဇောတဓရ	၂၀၀၄ခုနှစ်

အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက် ထားဝယ်လုပ်ငန်းခွဲဝန်ထမ်းများ
ကျောက်နီမော်အအေးခန်းစက်ရုံနှင့် ကသဲမကျွန်းငါးအမှုန့်ကြိတ်စက်ရုံဝန်ထမ်းများ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ရွှေထည်စက်ဖြတ်
ကျွမ်းကျင်သူများ အလိုရှိသည်။
အလုပ်သမားမှတ်ပုံတင်
မိတ္တူပါရှိရမည်။

အမှတ် ၇၇၊ မြေညီထပ်၊
၄၄ လမ်း (လမ်းတို)
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်
(ရုံးချိန်အတွင်း)

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဦးတင်မောင်ဝင်း၊ ဦးဇော်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါကိစ္စရပ်အား အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ် ၁၀ ရပ်ကွက်၊ ၄၉ လမ်း အမှတ် ၁၇၀/၁၇၂ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၀အိုင်/၃ မြေကွက် အမှတ် ၂-တ၊ မြေကွက် အကျယ်အဝန်း အလျား ၅၈ပေ အနံ ၅၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်အကျိုး ခံစားခွင့် အရပ်ရပ်တို့ကို မိဘများဖြစ်ကြသော ဦးအောင်မင်းနှင့်ဒေါ်မြရီ တို့မှ အပြည့်အဝ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိခဲ့ကြပြီး မြေငှားစာချုပ် (ဂရန်)၌ ဖခင်ဖြစ်သူ ဦးအောင်မင်း အမည်ပေါက်ခဲ့ပြီး ၃-၄-၁၉၉၆ ခုနှစ်နေ့တွင် ဦးအောင်မင်းမှာ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။ ထို့ကြောင့် ၁၄-၅-၂၀၀၃ နေ့တွင် ဂရန်၌ မိခင်ဖြစ်သူ ဒေါ်မြရီအမည်သို့ ပြောင်းလဲခဲ့ပါသည်။

ဒေါ်မြရီသည် အသက်အရွယ်အားဖြင့် ၇၉ နှစ်ရှိ၍ ကျန်းမာရေးချို့တဲ့ခြင်း၊ အမြင်အာရုံ နည်းပါးခြင်း၊ အသက်အရွယ်ကြီးရင့်သဖြင့် ဝေဖန်ပိုင်းခြားမှုအား နည်းပါးခြင်း တို့ကြောင့် သာမန်လူတစ်ဦးတစ်ယောက်အနေဖြင့် အမှတ်သညာ နည်းပါး၍ အဆိုပါဥပစာ၌ပင်နေထိုင်လျက်ရှိပါသည်။ ဦးအောင်မင်းနှင့် ဒေါ်မြရီ တို့တွင် သားသမီး ခုနစ်ဦးမွေးဖွားခဲ့ရာ ဒေါ်သန်းသန်းဦး (ခ) ဒေါ်နယ်လီအောင် ၁၂/ကတတ(နိုင်)၀၁၆၀၇၇၊ ဦးတင်မောင်ဝင်း ၁၂/စခန(နိုင်)၀၁၅၅၉၁၊ ဒေါ်မြင့်မြင့်စန်း ၁၂/ပဇတ(နိုင်)၀၁၂၃၄၂၊ ဒေါ်ကြည်ကြည်ခင်(ခ) ဒေါ်ကစ်တီ အောင် ၁၂/ပဇတ(နိုင်)၀၁၁၇၉၂၊ ဦးခင်မောင်မြင့် ၁၂/ပဇတ(နိုင်)၀၁၁၂၅၇၊ ဦးဇော်နိုင် ၁၂/ပဇတ(နိုင်)၀၁၂၀၀၅၊ ဦးဇော်အောင် ၁၂/ပဇတ(နိုင်)၀၁၂၀၉၆ တို့ ဖြစ်ကြပါသည်။ ၎င်းတို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်သည့် အလျောက် မိဘပိုင်ဆိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြသည့်အလျောက် အထက်တွင်ဖော်ပြထားသည့် ဥပစာနှင့်ပတ်သက်ပြီး အမွေဆက်ခံသူများဖြစ်ကြပါသည်။ ထို့ကြောင့် အဆိုပါဥပစာအား မိခင်နှင့်တကွ သားသမီးများအားလုံး သဘောတူညီချက်မရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်းများကို ပြုလုပ်ခွင့်မရှိကြောင်းနှင့် ကန်ထရိုက်တာနှင့်အဆောက်အအုံဆောက်လုပ်ရန် စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းများကိုလည်း မိခင်နှင့်တကွ သားသမီးများအားလုံး သဘောမတူဘဲ ဆောင်ရွက်ခွင့်မရှိကြောင်း ကြေညာအပ်ပါသည်။ ဆောင်ရွက်ပါကလည်း ဆောင်ရွက်သူများ၏ တာဝန်သာလျှင်ဖြစ်၍ ထိုသို့ဆောင်ရွက်မှုကို သဘောတူ ခွင့်မပြုကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းလှိုင် (LL.B, HGP, CBL, DBL) (Advocate)
အမှတ် ၂၆၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

မသက်ဆိုင်တော့ကြောင်းကြော်ငြာ

ကျွန်မ၏အမှုသည်ဖြစ်သူ မခင်စိုးသန်း(S/OKA 090365)နှင့် ကိုလှမျိုးသန့် ၉/မနတ (နိုင်)၀၇၀၄၇၄တို့သည် ၁၉-၁၂-၂၀၀၃ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါ။ လိုက်လံနှောင့်ယှက်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ **ဒေါ်သန်းသန်း**
B.A,LL.B, Advocate
အခန်း ၂၁၊ ၅၅၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၉၉၀၂



ယာဉ်ပိုင်ရှင်ကြေညာခြင်း

ယာဉ်အမှတ် စ/၉၄၂၂(ဂျစ်)အား ဒ/၄၀၊ ဒေါနီးကုန်းရပ် လှိုင်ကော်မြို့နေ ဦးဘောနီ ၂/လကန(နိုင်)၀၁၁၁၄၆ က ယာဉ်လက်ဝယ် ပိုင်ဆိုင်သူဖြစ်ကြောင်း ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း လာရောက်ဆောင်ရွက်နိုင်ပါသည်။

ကညန(လှိုင်ကော်)

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ဖလမ်းခရိုင်တရားရုံး
၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ် ၉

မြန်မာ့စီးပွားရေးဘဏ် တီးတိန်မြို့	**နှင့်**	၁။ ဦးဂင့်ကမ်လျှန် ၂။ ဦးလာနော့ လွယ်ဘွားလ်ရပ်ကွက်၊ တီးတိန်မြို့
ဒီကရီရရှိသူ		**တရားရုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၄ ခုနှစ် မတ်လ ၁ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တီးတိန်မြို့ လွယ်ဘွားလ်ရပ်ကွက်၊ မြေကွက်အမှတ် ၃၄၊ ဦးပိုင်အမှတ် ၁၇၊ ဧရိယာ ၀ ဒသမ ၂၃၄ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး၊ လုပ်ငန်းပိုင် ကုန်ပစ္စည်း အားလုံး၊ လေလံကြမ်းခင်းဈေး ၂၁၀၀၀၀၀ (ကျပ်နှစ်သန်းတစ်သိန်းတိတိ)

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးဝင်း
ဒုတိယခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး
ဖလမ်းမြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လက်ပံတန်းမြို့ ကျွန်းကလေး အုပ်စု သာလိကာကျေးရွာတွင် နေထိုင်သူ ဦးအေးသိန်း-ဒေါ်ခင်ညိုတို့၏ သားဖြစ်သူ မောင်ခင်မောင်အေး ၇/လပတ(နိုင်)၁၀၉၁၅၉သည် မိဘ၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒ အလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ် လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအေးသိန်း-ဒေါ်ခင်ညို
သာလိကာကျေးရွာ၊
လက်ပံတန်းမြို့





ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမ
ဒေါ်အေးမြင့်
ဓာတ်ခွဲခန်းအရာရှိ(ငြိမ်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ခြံအမှတ် ၆၈၊ ပိုက်လုံးလမ်းနေ ဦးဒဂါး–(ဒေါ်ကြည်ခင်)တို့၏သမီး၊ ဒေါ်တင်အေး (သပြေ ပိဋကတ်ဆိုင်)၊ ဦးညွန့်ဝေ–ဒေါ်မြကြည်(သစ္စာမဏ္ဍိုင်စာပေ)၊ ဦးတင်ဝင်း(ဒုညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)–ဒေါက်တာဒေါ်တင်လှိုင်(ပါမောက္ခ၊ငြိမ်း၊ရန်ကုန်တက္ကသိုလ်)တို့၏ညီမ၊ ဒေါ်ကြည်ကြည်ညွန့်(အထက–၂၊ဗဟန်း၊ငြိမ်း၊ရတနာ့ဝါဒီ ပိဋကတ်ဆိုင်)၊ ဒေါ်စန်းနွဲ့(စာရင်းစစ်၊ ငြိမ်း၊ ဗဟိုစာရင်းရုံး)၊ ဦးမြင့်သန်း–ဒေါ်လှလှဝင်း(စန်းမင်းတရာ ပိဋကတ်ဆိုင်)တို့၏အစ်မ၊ မနီလာညွန့်၊ မဥမ္မာကြည်၊ မနိုင်နိုင်ဝင်း၊ မောင်ကျော်နိုင်စိုး၊ ကိုဝင်းမျိုးသူရ(မဟာမီဒီယာအုပ်စု လီမိတက်)၊ မခိုင်ဇာဝင်း၊ မောင်အောင်မျိုးဇော်တို့၏အဒေါ်သည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) ည ၈ နာရီတွင် Green Crossအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တယ်ကြုံခင်(ခ)ဦးတုံခင်
(ပဲခူး)
အသက်(၈၉)နှစ်

ပဲခူးမြို့၊ ဓိုင်းဂနိုင်းတောင်ပိုင်း၊ ထုံးတန်းလမ်း၊ အမှတ် ၇၉/က နေ (ဒေါ်အာဝါး)၏ခင်ပွန်း၊ ဒေါ်ကင်လန်း၊ ဦးကျင်ဝမ်း၊ ဦးကျင့်ဟို–ဒေါ်စန်းစန်းမြင့်၊ ဦးအောင်လင်း(ဦးစီးမှူး၊ ပ/ထိန်းသိမ်းရေးရုံး၊ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်း)–ဒေါ်ခင်ခင်အေး (ဘူမိဗေဒရုံး၊ ဆည်မြောင်းဦးစီးဌာန)၊ ဦးကျင်ဝမ်–ဒေါ်ဥမ္မာ၊ ဦးတင်ထွန်း–ဒေါ်ခင်မာဦး၊ ဦးသောင်းနိုင် (ဒုလဝကမှူး၊ မြို့နယ်လဝက၊ ပဲခူးမြို့)– ဒေါ်ခင်ခင်ဌေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) ည ၁၁:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင်အထက်ပါနေအိမ်မှဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်စန်းမြင့်
အသက်(၈၁)နှစ်

ပုလောမြို့နေ (ဦးထွန်းမျှင်–ဒေါ်ဖွားဇင်)တို့၏သမီး၊ ဒေါ်ခင်သင်း၊ (ဒေါ်ခင်စိန်)တို့၏ညီမ၊ (ဦးဘစိုး)၏ အစ်မ၊ (ဦးလှသောင်း)၏ဇနီး၊ဦးမျိုးဝင်း–မလင်းတို့၏အဒေါ်၊ ရန်ကုန်မြို့၊ ဆရာစံ အရှေ့မြောက်ရပ်ကွက်၊ အမှတ် ၂၇၊ အရှေ့မြို့ပတ်လမ်းနေ ဦးအောင်သန်း–ဒေါ်လှလှဝင်း၊ ဦးသန့်ဇင်ဦး–ဒေါ်ဖြူဖြူရွှေတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) ည ၈:၁၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ခင်မြင့် (အလုံ)
အသက်(၆၆)နှစ်

(ဦးခွေး)–ဒေါ်စိန်မြတို့၏ညီမ၊ ဦးညွန့်မောင် – ဒေါ်ဝင်းတင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျ တိုက်အမှတ် ၂၆၊ အခန်း ၄ နေ ဦးတင်အောင်ထွန်း – ဒေါ်သန်းသန်းအေး (အမက–၃၁၊ လှိုင်သာယာ)၊ ဦးအေးမြင့် (ယာ/အုံ၊ မြို့တော်စည်ပင်)–ဒေါ်စောစန္ဒာဦး(မြို့တော်စည်ပင်၊ ကော်မတီရုံး)တို့၏မိခင်၊ မောင်ထက်ထူးအောင်၏အဘွားသည် ၂၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးကျော်ဖံ
ငွေစန်းရောင်ဂျုံစက် ဆန်းသစ်ပါဝါစက္ကူစက်
အသက်(၇၀)

မန္တလေးတိုင်း၊ ကူမဲမြို့နယ်၊ ယာလွန်ရွာနေ (ဦးကြိုက်ဝမ်–ဒေါ်ကြီးခင်)တို့၏သားလတ်၊ မန္တလေးမြို့၊ အမှတ် ၂၉၁၊ ၃၅ လမ်း၊ ၈၁ X ၈၂ လမ်းကြားနေ ဒေါ်ကျင်ရီ(ခ)လီကျင်ရှိ၏ ခင်ပွန်း၊ ဦးထွန်းပိုင်–ဒေါ်စွမ်(ရွှေမန်း ဘဲဥတိုက်)တို့၏ညီ၊ မဝင်းဝင်းမေ၊ မဌေးဌေး၊ ကိုအောင်အောင်–ဒေါက်တာစန်းစန်းရီ၊ မတင်မြင့်ဝင်းတို့၏ဖခင်၊ မဝင့်ရွှေရည်ဖူး၊ မသိမ့်သဉ္ဇာအောင်တို့၏ အဘိုးသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ကြာနီကန် ပုကျင်နိဗ္ဗာန်ကုန်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်မြသန်း
အသက်(၅၄)နှစ်

မြစ်ကြီးနားမြို့နယ်နေ ဒေါ်တင်တင်စန်း၏ခင်ပွန်း၊ကိုဝင်းလှိုင်စိုး(ငွေစာရင်းရုံး)၊ မခိုင်ဇာမျိုး၊ တပ်ကြပ်ကြီးကျော်စိုးဝင်း(လျှပ်/စက်)တို့၏ဖခင်သည် ၂၆–၁–၂၀၀၄ရက် နံနက် ၃:၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမ
ဒေါ်နန်းရွှေပွင့် (မိုင်းဆတ်)
အသက်(၆၈)နှစ်

မိုင်းဆတ်မြို့၊မယ်ဆွမ်(မြောက်)ရပ်ကွက်၊ ကွက်သစ်နေ ဦးစိုင်းချစ်မောင်၏ဇနီး၊ ဦးစိုင်းချစ်ဆွေ–ဒေါ်စုစုလှိုင်၊ ဦးထိန်ဝင်း–ဒေါ်နန်းလှရွှေ(ပိင်)၊ ဦးစိုင်းအောင်ဆန်းထူး–မဝင်းဝင်းမြင့်(မတူး)၊ဦးအောင်ဖြိုးရှိန်–ဒေါ်နန်းနွတ်နွတ်၊ဦးသိန်းမြင့်ဦး–ဒေါ်နန်းပေါက်၊ အိုက်ငယ်–နန်းလောဝ်လိုင်း၊စိုင်းသီဟ–နန်းနွမ်ရှုန်၊စိုင်းနောင့်–နန်းနောင့်အေးတို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွား ဒေါ်နန်းရွှေပွင့် (86 Co.,)သည် ၂၆–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် မိုင်းဆတ်မြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမြင့်ချို
ကြီးကြပ်ရေးမှူး(မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ ရုံးချုပ်) ကျောက်ဖြူရာသက်ပန်အသင်းဝင် အမှတ်–၁၀၈၂
အသက်(၄၈)နှစ်

တိုက်အမှတ် ၂၈၉/၂၇၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင် (၈)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးဘကြိုင်၊ ရဲမှူး၊ငြိမ်း–ဒေါ်ကြည်)တို့၏သား၊ (ဒေါ်ဖြူ၊ ဒေါ်မယ်၊ ဒေါ်ပု)နှင့် (ဦးဘကြည် ဒုအထွေထွေမန်နေဂျာ၊အသေးစား ချေးငွေဌာန)တို့၏တူ၊ (ဦးတင်ဦး)–ဒေါ်မသိန်း၊ဒေါ်တင်မေ–ဦးစံကျော်၊ဒေါ်တင်ရီ၊ဒေါ်တင်အေး(ကျောက်တံတားသ/မ)၊ ဦးတင်ထွန်း (အမှတ်–၁၊ သတ္တုတွင်းလုပ်ငန်း)၊ (ဦးမြင့်ကြည်)–ဒေါ်အုံးတို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်ရီ(အထက–၂၊ လသာ)၏အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ဦးလေး၊ မြေး ငါးယောက်တို့၏ အဘိုးချေသည် ၂၇–၁–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၀၀:၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။ ကျောက်ဖြူအသင်းမှ ကားများ အထက်ပါနေအိမ်မှ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကျော်ပိုင်ထွန်း(ခ)ပိုင်ပိုင်
အဌမတန်း(ဃ)၊အလက–၁၊ဒဂုံ
အသက်(၁၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၂၊ သန္တာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဦးထွန်းဝင်း–ဒေါ်ကြူကြူခင်၊ (ဦးလဆီးတန်ဂွန်း)–ဒေါ်အားယမ်တို့၏မြေး၊ ဦးထွန်းထွန်း–ဒေါ်လဆီးဒွဲဘူတို့၏သားဦး၊ မသာယာမြတ်နိုးထွန်း[စတုတ္ထတန်း(ဃ)၊အလက(၁)ဒဂုံ]၏အစ်ကို၊ဒေါက်တာဦးဇော်လွင်၊ ဦးလှဝင်း–ဒေါ်မိမိခင်၊ ဦးသက်ထွန်း–ဒေါ်ခင်စုစုမင်း၊ ဦးထွန်းထွန်းလှိုင်–ဒေါ်လဆီးကော့မိုင်၊ ဦးအောင်မြင့်–ဒေါ်လဆီ ထွယ်ရာတို့၏တူ၊မအေးသီရိသက်ထွန်း၊ မအေးမြတ်ကြည်ဖြူ၊ မရီကဝင်း၊ မအေးအိန္ဒြာ၊ မောင်ဇော်လင်းနောင်၊ မောင်အောင်ဗလတို့၏အစ်ကို၊ မောင်ဒူတွဲ၊ မောင်ဒူနော်တို့၏ညီသည် ၂၇–၁–၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ဆာကူရာ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလှဖေ
(တောင်တွင်းကြီး၊မကွေး) ဦးစီးစာရင်းကိုင်(ငြိမ်း)
အသက်(၁၀၀)

မကွေးမြို့၊ ရွာသစ်ရပ်၊ ၁၉ လမ်း၊ ၃၁၇ နေ (ဒေါ်အေးရင်)၏ ခင်ပွန်း၊ ဒေါ်ရွှေပု၊ ဦးကျော်ခင်၊ ဦးလှရှိန်တို့၏ အစ်ကိုကြီး၊ ဦးရဲမြင့် (သာသနာ့တက္ကသိုလ်)–ဒေါ်ခင်မေရီ (မြန်မာစာအဖွဲ့၊ငြိမ်း)၊(ဗိုလ်ကြီးမောင်မောင်၊ငြိမ်း)–ဒေါ်ဝင်းဝင်းမြင့်(အထပြ၊ထ–၂၊မကွေး)၊ ဦးလှမြင့်(ဥက္ကဋ္ဌ၊ လမင်းသားပို့ဆောင်ရေး)–ဒေါ်ခင်အေးတင့်(တိုင်းထွေ/အုပ်)၊ ဦးစိုးနိုင်(လျှပ်စစ်စွမ်းအား)၊ ဒေါ်ခင်လေးမြင့်(စွမ်းအင်ဦးစီး)၊ ဒေါ်ခင်အေးမြင့်(တိုင်းမန်နေဂျာ၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မကွေး)၊ ဦးလှအောင်မြင့်(UNDP)–ဒေါ်အေးအေးဆွေ၊ ဦးဌေးအောင်မြင့်(စိုက်ပျိုးရေး၊ကော့ကရိတ်)–ဒေါ်သန်းသန်းဆင့်(စိုက်ပျိုးရေး၊ကွမ်းခြံကုန်း)တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် အထက်ပါ မကွေးမြို့ နေအိမ်၌ ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် မကွေးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်ရီ (ပြည်မြို့)
ဆက်သွယ်ရေး(ငြိမ်း)
အသက်(၈၁)နှစ်

ပြည်မြို့၊ အမှတ် ၄၀၃ ၊ ရုံးလမ်း၊ ဆေးရေးရပ်ကွက်နေ ရှေ့နေ(ဦးဝိုင်း–ဒေါ်ဖွား)တို့၏သမီး၊ (ဦးဖေသန်း) ထောင်ပိုင်ကြီးအဆင့်(၁) [ငြိမ်း]၏ဇနီး၊ ဦးကျော်ကျော်သန်း–ဒေါ်တင်တင်ဝင်း၊ ဦးညီညီသန်း–ဒေါ်ညိုညို၊ ဦးကျော်မြင့်–ဒေါ်ညွန့်ညွန့်သန်း၊ ဦးချိုသန်း၊ ဦးမင်းသူအောင်–ဒေါ်နွဲ့နွဲ့စန်းတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက် ည ၉:၃၀ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စန်းမြင့်
အသင်းဝင်အမှတ်(၃၁၄)
အသက်(၈၁)နှစ်

ပုလောမြို့နေ (ဦးထွန်းမျှင်–ဒေါ်ဖွားဇင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဆရာစံ (အရှေ့မြောက်)ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အမှတ် ၂၇ နေ (ဦးလှသောင်)၏ ဇနီးသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၈– ၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးစောအောင် (ဟသ်ာတ)
ရန်ကုန်ပညာရေးတက္ကသိုလ် မော်ကွန်းထိန်း(ငြိမ်း)
အသက်(၇၂)နှစ်

ကျေးဇူးရှင်ဆရာကြီး ဦးစောအောင်သည် ၂၅–၁–၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ လိုက်ပါပို့ဆောင်ကြမည့် လုပ်ဖော်ကိုင်ဖက် ဆရာကြီး ဆရာမကြီးများ၊ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ပညာရေးဘွဲ့ရ ကျောင်းသား ကျောင်းသူတပည့်အပေါင်းအား ပညာရေးတက္ကသိုလ်ရှေ့မှ မွန်းတည့် ၁၂ နာရီတွင် ကားများ ထွက်မည်ဖြစ်ကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။ ပညာရေးဘွဲ့ရ ကျောင်းသားကျောင်းသူများ။

ရဟန်းအမကြီး
ဒေါ်အေးသန်း (ကျိုက်လတ်)
အသက်(၆၁)နှစ်

အမှတ် ၈၊ ၆ လမ်း၊ ကျိုက်လတ်မြို့နေ ဦးကောက်၏ဇနီး၊ ဦးပေါက်စ–ဒေါ်ရှု၊ ဦးမောင်မောင်စိုး–ဒေါ်ဖြူဖြူလွင်၊ မအေးအေးလွင်(မနိုင်)၊ ကိုကျော်စိုးလွင်တို့၏မိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးခန်း၌ ၂၇–၁–၂၀၀၄ရက် နံနက် ၅:၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (42/68 A၊ ကနောင်မင်းကြီးလမ်း၊ Emperor Plastic Factory မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်မေပု
(ရွှေကြေးစည်) ၂၆၉၊ ဘီရုံ၊ သိမ်ကြီးဈေး
အသက်(၉၃)နှစ်

ဝါးခယ်မမြို့နေ(ဦးသာဆင့်–ဒေါ်ချမ်းအေး)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၁၈၁ နေ (ဦးပုအိုင်)၏ဇနီး၊ ဦးစစ်တင် (ဒုညွှန်မှူး၊ အလည၊ ငြိမ်း)–ဒေါ်မြင့်မြင့်၊ (ဒေါ်ယဉ်လှ)၊ ဒေါ်အေးကြိုင်တို့၏မိခင်၊ ဦးတင်ဌေး–ဒေါ်အေးမြင့် (စက္ကူပုံနှိပ်၊ ငြိမ်း)တို့၏ အဒေါ်၊ ဦးမင်းအောင်–ဒေါ်ခိုင်ခိုင်တင် (မင်းအောင်စာပေ၊မန္တလေး)၊ ဒေါ်လှိုင်လှိုင်တင်၊(ဦးဇော်ဝင်း)၊ဒေါ်ယဉ်ယဉ်မြင့်၊ ကိုသန့်ဇင်တို့၏အဘွား၊ မောင်အောင်ခန့်၊ မအေးသက်ခိုင်၊ မောင်မြတ်သူတို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက် နံနက် ၇:၄၅ နာရီတွင် အထက်ပါ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်ခင်ညွန့် (ကျိုက္ခမီ)
အသက်(၈၃)နှစ်

ကျိုက္ခမီမြို့နေ [စက်ဆရာ ဦးကတုံး(ခ)ဦးသာဖေ]၏ ဇနီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ အမှတ် ၂၆ နေ ဦးအုန်းသန်း(အကောက်ခွန်၊ ငြိမ်း)–ဒေါ်တင်လှိုင်၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ အမှတ် ၉/၉၄ နေ ဦးတင်ဝင်း(အကောက်ခွန်၊ ငြိမ်း)–ဒေါ်သိန်းကြည်(အထပ်သာ–၂၊ ငြိမ်း)၊ လှိုင်မြို့နယ်၊ ရတနာသစ်အိမ်ရာ၊ တိုက်(ဃ)၊ အခန်း ၅ နေ ဦးကိုလေး–ဒေါ်အုန်းသိန်း(အထပ်သာ–၂)၊ တိုက် ၈၊ အခန်း ၁၄ နေ ဦးအောင်နိုင်–ဒေါ်ခင်ဝင်းကြည်(အထပ်သာ–၂)၊ လှိုင်မြို့နယ်၊အမှတ်(၂)ရပ်ကွက်၊ တိုက် ၁၃၉၊ အခန်း ၁၅ နေ ဦးအေးမြင့်–ဒေါ်သိန်းနွဲ့ (အုန်း–၄က်ပျော့ပွဲရုံ)၊ ရွှေပြည်သာမြို့နယ်၊ (၅/၆)ရပ်ကွက်၊ အမှတ် ၇၉(က)နေ ဦးကြည်ဝင်း–ဒေါ်မေခင် (မိုးကမ္ဘာကဖီး)၊ ဦးသိန်းဝင်း(အကောက်ခွန်)တို့၏မိခင်၊မြေး ၁၅ယောက်၊ မြစ် ငါးယောက်တို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒညင်းကုန်းနေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မြင့်
(ကျားမင်း ငရုတ်သီးမှုန့်) ညောင်ပင်လေးဈေး ဘိုကလေးမြို့
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့သစ်၊ အောင်သီရိလမ်း၊ အမှတ် ၁၅၇ နေ ဒေါ်ချောချော၏ခင်ပွန်း၊ ကိုအောင်ဇော်မိုး–မခင်စောဝင်း၊ ကိုကျော်စွာအောင်–မခင်မြဝင်း၊ ကိုမျိုးသန်း–မအိအိဆွေတို့၏ဖခင်သည် ၂၆–၁–၂၀၀၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။ ညောင်ပင်လေးဈေးမှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မမိုးမိုးကျော်
အသက်(၃၂)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၉)ရပ်ကွက်၊ ပိတောက်ရွှေဝါ ၂ လမ်း၊အမှတ် ၆၉၁/ဃ နေ ဦးကျော် ငြိမ်း–ဒေါ်ခင်အေးဝေ(ဒေါ်အေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇ လမ်း၊ အမှတ် ၇၀နေ ဦးမော–ဒေါ်ညွန့်ရီ တို့၏သမီးချွေးမ၊ ကိုစိန်ကြိုင်၏ဇနီး၊ ဦးမျိုးကျော်–ဒေါ်ခင်မေလေး၊ ဦးအေးကျော်–ဒေါ်စောနန္ဒာ၊ ဦးဌေးကျော်–ဒေါ်တင်တင်ဝင်း၊ ဦးထွန်းထွန်းကျော်–ဒေါ်ဇင်မမတို့၏ညီမ၊ မချောစုလှိုင် (အမက–၁၊လသာ)၊ မသက်စုလှိုင်တို့၏ မိခင်၊ တူ တူမ ၂၀ယောက်တို့၏အဒေါ်သည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (တောင်ဒဂုံနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြီးဟော်
ရေတာရှည်မြို့နယ် (မြို့လှမြို့)
အသက်(၉၄)နှစ်

အမှတ် ၆၀၊ စံပယ်ခြံ ၂ လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဒေါ်ကေသီ)၏ခင်ပွန်း၊ ဦးကြီးမြင့်–ဒေါ်ခင်စောလင်း၊ ဒေါ်တင်မြ၊ ဦးထွန်းလင်း–ဒေါ်စန်းစန်းမြင့်၊ ဒေါ်ရန်ကြူး၊ ဦးမြင့်လွင်–ဒေါ်ခင်မြင့်၊ကိုဌေးလွင်တို့၏ဖခင်၊ ဦးအောင်ထိုက်(စိတ်တိုင်းကျ)၏ဘကြီး၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၆–၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် အထက်ပါ နေအိမ်မှ ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်မြစိန် (မော်လမြိုင်)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊သီရိဇေယျာလမ်း၊(၂၀/ခ) အမှတ် ၈၄၃ နေ (ဦးသူတော်–ဒေါ်မြမေ)တို့၏သမီး၊ (ဦးမောင်စိုး)–ဒေါ်ချစ်မေတို့၏ အစ်မ၊ ဗိုလ်ကြီးမောင်အေး(ငြိမ်း)၏ဇနီး၊ ဦးဌေးအောင် (မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း)–ဒေါ်မြမြစန်း (ဂုန်နီစက်ရုံ၊အုတ်ကျင်း)၊ ဦးအုန်းကြိုင် (ကုန်စည်ပို့ဆောင်ရေးဌာန၊ ကပရ)–ဒေါ်ဌေးဌေးလွင်၊ ဦးကိုကိုလွင် (Lizstar)–ဒေါ်မြင့်မြင့်မူ(ဆသရ၊ ငွေစာရင်း)၊ ဦးခင်မောင်စိုး(Chief Officer Maersk Line)–ဒေါ်နွယ်နွယ်အေးတို့၏ မိခင်၊ မောင်ကျော်သူ AGTI (MT)၊ မောင်ရန်နိုင်(Sunfar)၊ဗိုလ်လောင်းကိုကိုနိုင်(နောက်ဆုံးနှစ်၊ စစ်တက္ကသိုလ်)၊ မယုဝါအောင်(ပနှစ်၊မြန်မာစာ၊ဒဂုံတက္ကသိုလ်)၊ မဆုမြတ်အောင် (အထက–၄၊ အလုံ)၊ မောင်ရဲလင်းအောင်(ဒုနှစ်၊ အင်္ဂလိပ်စာ၊ ဒဂုံတက္ကသိုလ်)၊မစုလင်းကို(အထက–၂၊ ဗဟန်း)၊ မောင်ထက်အောင်စိုး(အမက–၂၊ ဗဟန်း)တို့၏အဘွားသည် ၂၆–၁–၂၀၀၄ရက် (တနင်္လာနေ့) ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဆရာကြီး ဦးအုန်းဟန်
(ဂဠုန်နဂါးဆေးတိုက်)
အသက်(၈၁)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅) ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ် ၁၄၉ နေ (ဒေါ်တင်ထွေး)၏ခင်ပွန်း၊ (ဒေါ်စန်းရွှေ)၊ ဒေါ်တင်ရီ (RTC)၊ ဦးစိုးတင့် (အမှတ်–၂၊ သတ္တုတွင်းလုပ်ငန်း)–ဒေါ်ခင်သန်းဝေ၊ ဦးလှမြင့်–ဒေါ်မြစန်းကြည်၊ ဦးမျိုးသိမ်း–ဒေါ်သင်းသင်းအေး (အထက–၁၊ တ/ဥ)၊ ဦးမိုးကျော်စွာ–ဒေါ်ချိုချိုခိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၇–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်မျိုးသက်
(ကောင်းဗီဒီယို၊သုံးဆယ်မြို့)
အသက်(၃၉)နှစ်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးခင်အေး–ဒေါ်နုနု) ပေါက်ကြီးကဖီးတို့၏ သားထွေး၊ (ဦးအုန်းမြင့်–ဒေါ်တူး)တို့၏သားသမက်၊ ဦးတင်မောင်ဦး – ဒေါ်သန်းသန်းဌေး၊ ဦးခင်အောင်–ဒေါ်ဌေးဌေးဝင်း၊ ဦးမြထွန်း–ဒေါ်အေးအေး၊ (ဦးကျော်လွင်)–ဒေါ်ခင်စန်းတင့်တို့၏ညီ/မောင်၊ မောင်ကောင်းမြတ်အောင်၏ဖခင်၊ ဒေါ်မူမူခင်၏ ခင်ပွန်းသည် ၂၇–၁–၂၀၀၄ရက် နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ
(ရေစကြို/မြိုင်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ နိပဆေးတော၊ ပြည်တော်အေး၊ အောင်ချမ်းသာရွာ၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ စန္ဒောဘာသ သက်တော်ရှည် ဆရာတော်ဘုရားကြီးသည် ၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၇ ရက် (၂၉–၁၂–၂၀၀၃)ရက်နေ့ ည ၁၂:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂ ရက်၊ (၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၆၊ ၁၇)နေ့များတွင် အန္တိမဈာပနသာရုကိစ္စနှသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ရေစကြိုမြို့နယ် နိပဆေးတောရွာနှင့် မြိုင်မြို့နယ်၊ ပြည်တော်အေးရွာ၊ အောင်ချမ်းသာရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တစန္ဒ မဟာထေရ်
သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပြင်ခေါင်ကျေးရွာ၊ ပြင်ခေါင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက (သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်) ဘဒ္ဒန္တစန္ဒ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် ကဆုန်လဆန်း ၃ ရက်(၃–၅–၂၀၀၃ရက်)စနေနေ့ ည ၉:၄၅ နာရီတွင် ပြင်ခေါင်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကဆုန်လဆန်း ၈ ရက် (၈–၅–၂၀၀၃ရက်) ကြာသပတေးနေ့တွင် ပန်းကြာကလပ်တော်သို့ ပင့်ဆောင်ပူဇော်ထားပြီး ရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပနပူဇော်ပွဲတော်ကို ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၉ ရက် (သောကြာနေ့)မှစ၍ တပို့တွဲလဆန်း ၁၁ ရက် (၃၀–၁–၂၀၀၄ရက်မှ ၁–၂–၂၀၀၄ရက်)တနင်္ဂနွေနေ့ထိ သုံးရက်တိုင်တိုင် ကျင်းပပူဇော်မည်ဖြစ်၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများနှင့်အန္တိမဈာပနကျင်းပရေးကော်မတီ ပြင်ခေါင်ရွာ၊ ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပညာဓဇ မဟာထေရ်
ကျောက်တံခါးမြို့နယ်၊ ရွှေဝါစိတ္တသုခကျောင်းဆရာတော်
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သံပုရာကိုင်းရွာနေ ဦးစံလှရွှေ–ဒေါ်မစိန်ခိုင်တို့၏သား၊ ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ ရွှေဝါရွာ၊ စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တပညာဓဇ မဟာထေရ်သည် ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၄ ရက် (၂၅–၁–၂၀၀၄ရက်) တနင်္ဂနွေနေ့ ညနေ ၅:၂၀ နာရီတွင် စိတ္တသုခကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် (၂–၂–၂၀၀၄ရက်) တနင်္လာနေ့ နေ့လယ်တွင် ရွှေဝါရွာ စိတ္တသုခကျောင်းတိုက်၌ အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆောင်ဆန်းတောရဆရာတော်နှင့်ဒါယကာ၊ဒါယိကာမများ။

ဗိုလ်ကြီးအေးကျော် (ငြိမ်း)
ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈)
အသက်(၈၃)နှစ်

မန္တလေးမြို့နေ (ဦးမှတ်–ဒေါ်ရီ)တို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြင်သာ၊ အမှတ် ၉၂/၂၊ဟသ်ာလမ်းနေ ဒေါ်ငယ်ငယ်၏ခင်ပွန်း၊ ဦးစံလှဦး–ဒေါ်ခင်မြင့်အေး(စက်မှု–၂)၊ ဦးဇော်ဝင်း၊ (ဦးအောင်သင်း)၊ ဦးအောင်မြင်–ဒေါ်ခင်ခင်စန်း၊ ဒေါ်ဝင်းမာအေး (သံမဏိစက်ရုံ)တို့၏ဖခင်၊ မောင်ဝင်းကျော်မြင်(အထက–၂၊ ဗဟန်း)၊ မဆွေဆွေစံ (T.T.C)၊ မောင်ညီညီအောင်မြင် (အမက–၃၊ ဗဟန်း) တို့၏အဘိုးသည် ၂၇–၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ကျော်ထွေး
(CDC-36490)
(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောသားဟောင်း)
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၉၊ သုဒဿနလမ်း၊ ဌေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးသိန်းမြင့်)–ဒေါ်မြင့်မြင့်တို့၏သား၊ ဦးဝင်းခိုင် (Hi Nan House)–ဒေါ်တင်တင်အေး၊ (ဦးသက်လွင်)–ဒေါ်မြင့်မြင့်သိန်း၊ ဦးအေးခိုင်၊ ဦးအောင်ကျော်မြင့်–ဒေါ်သော်ဒါ(တာမွေဈေး)၊ ဦးတင့်လွင် (FMI Centre S-S-S Co., Ltd.)–ဒေါ်နုနုအေး(တိ/ကု၊ စည်ပင်)တို့၏ညီ/မောင်၊ ဦးအောင်အောင် (J & J Co., Ltd.)–ဒေါ်နီလာမြင့်(ဈေးများဌာန၊တာမွေ ယာယီဈေး)တို့၏အစ်ကို၊ တူ တူမ ၁၁ ယောက်တို့၏ဦးလေးသည် ၂၇–၁–၂၀၀၄ရက် နံနက် ၃:၄၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်လှတင် (ကျုံမငေးမြို့)
အသက်(၉၀)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ် ၄၇ နေ (ဦးဘိုးဆော့–ဒေါ်ပန်းရီ)တို့၏ သမီး၊ ဦးရဲထွဋ်–ဒေါ်တူး၊ ဦးရဲဗလ–ဒေါ်ဝင်း၊ ဦးဘိုးထွေး–ဒေါ်ခင်စန်းမြင့်၊ ဦးတင့်ဆွေ–ဒေါ်ကြည်ကြည်ဝင်းတို့၏ မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွားသည် ၂၇–၁–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၀:၄၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဆိတ်ညွှန့် (ပိုးကုန်း)
(ထီးတန်းဆိပ်ကမ်း၊ကတ္တူဌာန၊ အလုပ်သမားမှူး၊ငြိမ်း)
အသက်(၆၇)နှစ်

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ပိုးကုန်းရွာ (ဦးစံရ–ဒေါ်ငွေရှိန်)တို့၏ သား၊ (ဦးကောင်းညွန့်)၊ (ဒေါ်ငွေကြည်)တို့၏ ညီ/မောင်၊ (ဦးမောင်အုန်း)၊ ဦးအောင်ညွန့်တို့၏အစ်ကို၊ (ဦးအေး)–ဒေါ်အေးရီတို့၏သားသမက်၊ ဒေါ်မြရွှေ၏ခင်ပွန်း၊ ကိုလှမျိုးအောင်(မောင်လှမျိုး၊ချင်းချောင်းခြံ)၊ မရင်ရင်ဌေး၊ မအေးအေးနွဲ့၊ မောင်သန်းဝင်းအောင်၊ မောင်အောင်ကျော်လင်း၊ မောင်ကောင်းမြတ်စံတို့၏ဖခင်သည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ပန်းလှိုင်အိမ်ရာ၊တိုက် ၁၊ အခန်း ၂၂ နေအိမ်၌ ၂၇–၁–၂၀၀၄ရက် နံနက် ၁၂:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၁–၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

နာမကျန်းဖြစ်စဉ်အတွင်း ပြုစုကုသပေးခဲ့ကြသော ဆရာဝန်များနှင့် မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အကြို မြန်မာ့အလင်းသတင်းစာ အထူးကဏ္ဍများဖြင့် ဂုဏ်ပြုတင်ဆက်မည်

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ယနေ့ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံးသည် မည်သည့်ခေတ်ကာလကမျှ မရရှိခဲ့သည့် စည်းလုံးညီညွတ်မှုကို ရရှိခဲ့သည့်အပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့သည် ကျောက်သားကျောက်စိုင်ပမာ ခိုင်ကျည်မြဲမြံလျက်ရှိပါသည်။ ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်ရာ ပင်လုံမြေကို ဦးညွတ်ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်မြဲမြံခြင်းကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာကို ထူးခြားဆန်းသစ်သော အပြင်အဆင် ကဏ္ဍတို့ဖြင့် ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ဖော်ပြသွားမည် ဖြစ်ပါသည်။

ယင်းကဏ္ဍများတွင် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းဆောင်းပါး၊ တွေ့ဆုံမေးမြန်းခန်း၊ သမိုင်းပုံရိပ်လွှာ၊ မျက်မှောက်နိုင်ငံတော်၏ တည်ဆောက်ရေး မြင်ကွင်းအဖုံဖုံနှင့် ကဗျာ၊ ကာတွန်းတို့ဖြင့် ဝေဝေဆာဆာ တင်ဆက်သွားမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပရိသတ်အား ကြိုတင်သတင်းစကားပါးအပ်ပါသည်။

(မြန်မာ့အလင်း)

အေးချမ်းသာယာသောဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအဓိကကျ အမျိုးသားစည်းလုံးညီညွတ်ရေး ဦးစားပေးဆောင်ရွက်နေ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာဆွေးနွေးပွဲ"(Seminar On Understanding Myanmar) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ *

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် သံတမန်များ၊ ပြည်ပနိုင်ငံများမှ သုတေသန ကျွမ်းကျင်ပညာရှင်များနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အိုင်တီနည်းပညာကို လေ့လာလိုသူများအတွက် တတိယအကြိမ် မြန်မာအိုင်စီတီပြပွဲ ရက်တိုးပြသ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၇

ကမ္ဘာတစ်ဝန်းတွင် အိုင်တီနည်းပညာများ လျင်မြန်စွာတိုးတက်လျက်ရှိရာ အိုင်တီနည်းပညာသုံးပစ္စည်းများသည်လည်း နေ့စဉ်နှင့်အမျှ အသစ်အဆန်းများ ထွက်ပေါ်လျက်ရှိသည်။ နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံးပစ္စည်းများနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ▼



ယနေ့ထုတ်
စောင်ရေ
၁၉၉၃၈၃

ကမ္ဘာ တစ် လွှား ထူး ထူး ခြား ခြား

မြွေကိုနှာချေ

ဘေဂျင်းမြို့ရှိ ဘုရားကျောင်းတစ်ခုတွင် ကျင်းပသော ပျော်ပွဲရွှင်ပွဲတစ်ခု၌ တရုတ်အမျိုးသမီးတစ်ဦးက ဓါတ်ပုံတွင်ပါသည့်အတိုင်း မြွေတစ်ကောင်ကို ပွဲတော်လာ ပရိသတ်များအား မျိုချပြီးနောက် ပြန်လည်ဆွဲထုတ်ပြခဲ့သည်။

တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် တစ်ပတ်ကြာ ကျင်းပသော ယင်းပျော်ပွဲရွှင်ပွဲသို့ ဘေဂျင်းမြို့ အနီးအပြားမှ လူထောင်ပေါင်းများစွာ လာရောက်ခဲ့ကြသည်။

(အင်တာနက်)

ရှားပါးကတ္တဝါငှက်

ကမ္ဘာပေါ်တွင် အလွန်ရှားပါးသော တိရစ္ဆာန်များတွင် ကတ္တဝါငှက်များလည်း အပါအဝင်ဖြစ်သည်။

ယာပုံမှာ- ဩစတြေးလျနိုင်ငံ တောင်ပိုင်း၏ မြို့တော် အက်ဒယ်ဂိတ် တိရစ္ဆာန်ရုံ၌ တိရစ္ဆာန်ထိန်းသိမ်းရေးကျွမ်းကျင်သူ အနီတာ ဘတ်ဇ်က သူ၏ ရှားပါးကတ္တဝါငှက်

ကို မက္ကဒေးမီးယား သစ်သီးတစ်လုံးကို ခွာ၍ကျွေးနေစဉ်။

(အေအက်ဖ်ပီ)

လူသားနှင့်ကျွမ်းဝင်သည့် ငါးမဟုတ်သည့်ငါးများ

သတင်းဆောင်းပါး-သန်းဇော်၊ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၇

လောက၌ ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါဟူ၍ နှစ်မျိုးရှိရာ ငါးတို့သည် ရေနေသတ္တဝါများဖြစ်ကြသည်။ သို့သော် ရေနေသတ္တဝါဖြစ်သော လင်းပိုင်တို့သည် ငါးမဟုတ်သော ငါးများဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ငါးဆိုသည်မှာ သွေးအေးသတ္တဝါဖြစ်၍ ရေထဲမှအောက်ဆီဂျင်ကို ပါးဟက်မှ ရှူသွင်းကြသည်။ ရေအောက်တွင် အချိန်ပြည့်နေနိုင်သည်။ ကုန်းပေါ်ရောက်လျှင် အသက်မရှင်နိုင်ပေ။

စာမျက်နှာ ၁၄ ကော်လံ ၁ ●

ဆလုံကျွန်းသို့ လာရောက်အပန်းဖြေလေ့လာကြမည့် ခရီးသည်များအား ဖျော်ဖြေတင်ဆက်နိုင်ရန် Shambahala ကုမ္ပဏီက မွေးမြူထားသော လင်းပိုင်များကို ဤသို့သင်ကြားလေ့ကျင့်နေသည်။

(ဝဲပုံနှင့် ယာပုံ)

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)